မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်၊ ၂၀၁၀ ခုနှစ်၊ မတ် ၁ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၅၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်ကြီးသာအေး ချီဖွေနှင့် ပန်ဝါမြို့ ဒေသဖွံ့ဖြိုးတိုးတက်မှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၆ရက် နံနက်ပိုင်းက ချီဖွေမြို့နယ် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် မြို့တွင်းလမ်းများ ကောင်းမွန်မှုအခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ဖြည့်စွက်တင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ချီဖွေမြို့နယ်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံရာ တာဝန်ရှိသူတစ်ဦးက မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ဖြည့်စွက်တင်ပြကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်တို့ ရန်ကုန်ဘူတာကြီး၌ ကမ္ဘာလှည့်ခရီးသည်များ စီးနင်းမည့် တွဲဆိုင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်-ပြည်-ကျောက်ပန်းတောင်း-ပုဂံ ရထားခရီးစဉ်အသစ် မကြာမီ ပြေးဆွဲမည်

ကမ္ဘာလှည့်ခရီးသည်များအတွက် လေအေးပေးစက်နှင့်မီးဖိုခန်းပါ အိပ်စင်တွဲ၊ လေအေးစက်ပါ ထိုင်ခုံတွဲ၊ စားသောက်တွဲများ ပါရှိမည်ဖြစ်

မြန်မာ့မီးရထားနှင့် ဟိုတယ်/ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကမ္ဘာလှည့်ခရီးသည်များ၏ ခရီးသွားလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ကမ္ဘာလှည့်ခရီးသည်များ ရန်ကုန်မှပုဂံသို့ ရထားဖြင့် အဆင်ပြေစွာ သွားရောက်လည်ပတ်နိုင်ရေးအတွက် ရထားပြေးဆွဲမည့် အခြေအနေနှင့် စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ဘူတာကြီး ဧည့်ခန်းမဆောင်၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ခရီးသွားလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ဒွန်ဘန်၊ နမ္မတီး မပြီးသေးသော ပန်းချီကားတစ်ချပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ကချင်ပြည်နယ်အတွင်းရှိ မြို့၊ရွာများသို့ လေ့လာရေးခရီး ထွက်ဖြစ်ခဲ့ရာ ဖားကန့်မြို့နယ်မှ ဒွန်ဘန်ကျေးရွာနှင့် မိုးကောင်းမြို့နယ်မှ နမ္မတီးကျေးရွာတို့လည်း ပါဝင်ခဲ့သည်။ မြစ်ကြီးနား-နမ္မတီး-တနိုင်း လမ်းပေါ်ရှိ နမ္မတီးကျေးရွာနှင့် ဒွန်ဘန်ကျေးရွာတို့သည် ကျေးရွာဟုဆိုသော်လည်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမှုကြောင့် မြို့ပြ၏ အဆောင်အယောင်များကို ပိုင်ဆိုင်ထားကြလေသည်။ ဒွန်ဘန်ကျေးရွာနှင့် နမ္မတီးကျေးရွာတို့သို့ သွားရောက်လေ့လာဖြစ်ခဲ့သော နေ့ရက်များအကြောင်းကို ပြန်လည်သတိရမိတိုင်း ကြည်နူးလွမ်းဆွတ်မိရသည်သာ ဖြစ်လေသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✳

သတင်းဆောင်းပါး - တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း - မောင်ပြုံးမြင့်(ဘီလူးမြို့)
စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မတ် ၁ ရက်)

ပြည်ထောင်စုတစ်ဝန်းဖွံ့ဖြိုးတိုးတက်ရေး ဒေသခံပြည်သူများ လက်တွဲပါဝင်

ကချင်ပြည်နယ်သည် ဧရိယာစတုရန်းမိုင် ၃၄၃၇၉ဒသမ ၂ ကျယ်ဝန်းသည့် ခရိုင်လေးခရိုင်၊ မြို့နယ်၁၈မြို့နယ်ရှိပြီး ကျေးရွာပေါင်း ၂၅၈၃ ရွာရှိသည်။ ယခင်ကာလက တည်ငြိမ်အေးချမ်းမှုမရှိခဲ့၍ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည်။ ယခုအခါ တည်ငြိမ်အေးချမ်းမှုနှင့်အတူ အခြားဒေသများနည်းတူ အခြေခံကျသည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးအခြေခံကောင်းများကို နိုင်ငံတော်က တည်ဆောက်ပေးခဲ့ရာ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

ကချင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးမှာ ကားလမ်းကိုသာ အဓိကအားပြုရသော်လည်း မြေပြန့်ဒေသနှင့် ဆက်သွယ်သွားလာရန် ရထားလမ်းကို အများဆုံးအသုံးပြုခဲ့ကြသည်။ ယခုအခါ ပေ ၁၈၀နှင့်အထက် စီမံကိန်းဝင်တံတား အစင်း ၂၀ရှိပြီဖြစ်ပြီး တည်ဆောက်ဆဲ တံတားများမှာ ပူတာအို-ထ၀ဒမ်း-နောင်မွန်လမ်းပေါ်ရှိ မလိခမြစ်ကူး ကောင်းမှုလုံကြိုးတံတား၊ မန္တလေး-တကောင်း-ဗန်းမော်လမ်းပေါ်ရှိ ဧရာဝတီမြစ်ကူး ကသာ-ဗန်းမော်မီးရထားလမ်း(စင်းခန်းတံတား)တို့ ဖြစ်ကြသည်။

အထူးဒေသကြီး ၂၄ခု စီမံကိန်းတွင်ပါဝင်သည့် မြစ်ကြီးနား၊ ဗန်းမော်နှင့် မိုးညှင်းခရိုင်တို့တွင် တက္ကသိုလ်၊ ကောလိပ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် ဆေးရုံများကို ထပ်မံတည်ဆောက် ဖွင့်လှစ်ပေးခဲ့သည်။ ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးအတွက် အခြေခံပညာကဏ္ဍ အပါအဝင် အဆင့်မြင့်ပညာကဏ္ဍကိုပါ အဆင့်အတန်းမြင့်မားရန် ဖော်ဆောင်ပေးလျက်ရှိသည်။

ကျန်းမာကြံ့ခိုင်သော လူ့စွမ်းအားအရင်းအမြစ်များကသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ရာ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကချင်ပြည်နယ်အတွင်း ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ အထူးကုဆရာဝန်များ ဖြည့်ဆည်းပေးခြင်းတို့ကို ဖြည့်ဆည်းပေးလျက်ရှိသည်။

မြန်မာနိုင်ငံသည် သယံဇာတများ ပေါကြွယ်ဝသည့်နိုင်ငံဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ယင်းသယံဇာတများကို ထုတ်ယူသုံးစွဲရန် အတတ်ပညာ၊ နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်လျက်ရှိရာ ကချင်ပြည်နယ်အပါအဝင် ပြည်ထောင်စုတစ်ဝန်းမှ တိုင်းရင်းသားပြည်သူအပေါင်းသည် ဒေသတွင်းရှိ သယံဇာတများကို အတတ်ပညာနှင့်နည်းပညာများပေါင်းစပ်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၁-၃-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀ ၄။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၃၀ ၅။ မျိုးချစ်တပ်မတော်
၄:၄၀ ၆။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၂၀ ၇။ ဗွီစီဒီကျော်ကြားတေးများ
၅:၃၅ ၈။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၂။ လျှပ်တစ်ပြက်
၆:၄၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူမေတ္တာ** (အပိုင်း-၂၆)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ Talk of the Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူ့ရဲကောင်း** (အပိုင်း-၂၅)

သီရိသုဝဏ္ဏပညာခန်းမဆောင် ပြန်လည်ပြုပြင်တည်ဆောက်ရန် အလှူငွေပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်ာန်းကျွန်းမြို့နယ် အထကသုဝဏ္ဏ သီရိသုဝဏ္ဏပညာခန်းမဆောင်ကြီး ပြန်လည်ပြုပြင်တည်ဆောက်ရန် မတည်အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၁ရက် နံနက် ၈နာရီက ကျောင်းအကျိုးတော်ဆောင်အဖွဲ့ရုံးခန်းမ၌ ကျင်းပရာ မိဘဆရာအသင်းနာယက ဦးခင်ဝေ၊ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်မြ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့နာယက ဦးလှတင်၊ ဦးထွဏ်းထွဏ်း၊ ဥက္ကဋ္ဌ ဦးချစ်မျိုး၊ ဒုတိယဥက္ကဋ္ဌ ဒေါ်လှလှမြင့်၊ ဦးသန်းထိုက်အေး၊ အတွင်းရေးမှူး ဦးကျော်ကျော်၊ ဘဏ္ဍာရေးမှူးဦးဥက္ကာအေးနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

မတည်လှူဒါန်း

အခမ်းအနားတွင် ကျောင်းသားဟောင်းများစုပေါင်းလှူဒါန်းငွေကျပ် သုံးသိန်းငါးသောင်းအပါအဝင် ကျောင်းအကျိုးတော်ဆောင်များ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၁၁သိန်း မတည်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ **(အောက်ပုံ)**

သီရိသုဝဏ္ဏပညာခန်းမဆောင် ပြန်လည်တည်ဆောက်ရေးအတွက် အလှူငွေများ ထည့်ဝင်လိုပါက ဦးချစ်မျိုး (ဥက္ကဋ္ဌ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့) ဖုန်း-၀၁-၇၃ ၀၀၄၆၈၀၊ ဦးကျော်ကျော်(အတွင်းရေးမှူး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့) ဖုန်း-၀၉-၉၀-၃၀၂၃၆၊ ဦးဥက္ကာအေး (ဘဏ္ဍာရေးမှူး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့) ဖုန်း-၀၉-၅၁-၄၄၀၂၃နှင့် အထက သုဝဏ္ဏ ဖုန်း-၅၆၃၆၆၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာရေးနည်း အခြေခံလမ်းညွှန် သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် စာရေးနည်းအခြေခံလမ်းညွှန် သင်တန်းအမှတ်စဉ် (၁/၂၀၁၀) ဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ခန်းမဆောင်၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဦးတင်ခ (တက္ကသိုလ်တင်ခ)က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

ထို့နောက် စာရေးဆရာ အလွှာလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က သင်တန်းဖွင့်လှစ် သင်ကြားခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များကိုပေးအပ်ကြပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၄၇ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်ခဲ့သည်။ **(သတင်းစဉ်)**

ပညာရည်ချွန်ဆု

ကမာရွတ်မြို့နယ် အမှတ် (၂) အခြေခံပညာ မူလတန်းကျောင်း ၂၀၀၈ -၂၀၀၉ ပညာသင်နှစ် နှစ်ပတ်လည် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယင်းကျောင်း၏ ပညာတန်ဆောင်ခန်းမ၌ ဖေဖော်ဝါရီ ၁၁ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ရီရီခိုင်က Grade-3 မှ မခိုင်ဆုဝေအား ဆုချီးမြှင့်စဉ်။

(ပညာရေး)

ကျေးရွာစာကြည့်တိုက်များအတွက် မဟာအောင်မြေတွင် စာအုပ်လှူဒါန်း

မန္တလေး ဖေဖော်ဝါရီ ၂၈

မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များ လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၀ နာရီခွဲက အခြေခံပညာအထက်တန်းကျောင်း အမှတ် (၁၃)၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဦးစီးမှူးဒေါ်မြင့်မြင့်သန်းနှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီးက ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်ပေါင်း၂၀၀၀ ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူးက လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ ***(မြို့နယ် ပြန်/ဆက်)***

မီးစနစ်တကျသုံးစွဲမှု အသိပညာပေး

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၁/ထူပါရုံ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဖေဖော်ဝါရီ ၂၄ရက်က မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးသတိမူရေး၊ မီးစနစ်တကျသုံးစွဲမှု မှန်ကန်ရေးတို့အတွက် အသိပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဦး ဆွေးနွေးဟောပြောစဉ်။

(၁၁၆)

ခြင်ဆေးမီးပွား သေးငယ်ငြား ဒုက္ခများစွာ ပေးလိမ့်မည်

❒ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး ချီဖွေမြို့နယ် ပြည်သူ့ဆေးရုံနှင့် ဆော့လော်ပြည်သူ့ဆေးရုံတို့အတွက် ဆေးပဒေသာပင် အလှူငွေများကို ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူတို့က လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့နယ် ပြည်သူ့ဆေးရုံတို့အတွက် စားသောက်ဖွယ်ရာများ၊ ဆေးပစ္စည်းနှင့် စာစောင်များကို ပေးအပ်ကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေး၊ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ချီဖွေမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြပြီး ခွဲစိတ်ခန်းနှင့် ဆေးရုံအဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးကြကာ ဆေးရုံတက်လူနာများအား ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူတို့က ချီဖွေမြို့နယ် ပြည်သူ့ဆေးရုံနှင့် ဆော့လော်ပြည်သူ့ဆေးရုံတို့အတွက် အလှူငွေများနှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများနှင့်အတူ ပန်ဝါမြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး ပန်ဝါမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကာ ကျောင်းအဆောက်အအုံကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် ဝန်ကြီးတို့က ဆရာ ဆရာမများအတွက် လက်ဆောင်ပစ္စည်းများနှင့် ကျောင်းအတွက် ကွန်ပျူတာတစ်စုံတို့ကို ပေးအပ်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေး၊ တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ချီဖွေမြို့၏ အရှေ့တောင်ဘက် (၁၁)မိုင်အကွာ ချီဖွေ-ပန်ဝါလမ်း မိုင်တိုင်အမှတ် (၁၂/၄)အနီးရှိ ချီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်ခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးသာအေးအား တာဝန်ရှိသူတို့က စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်းပြီးစီးအောင် ဆောင်ရွက်ရေးနှင့် လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေး၊ တိုင်းမှူးနှင့် ဝန်ကြီးတို့က တာဝန်ရှိသူတို့အား သစ်သီးခြင်းများကို ပေးအပ်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဓာတ်အားပေးစက်ရုံ တည်ဆောက်နေမှုနှင့် ဖိအားမြှင့် သံမဏိပိုက်လိုင်း တပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ ပမ္မတီးတိုးချဲ့ရပ်ကွက်အပိုင်း(၂)၌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ဖော်ထုတ်ထားရှိ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးအား မြစ်ကြီးနားမြို့ ရွှေအိုက်မြို့ကွက်သစ်နှင့် ရွှေပြည်သာမြို့ ကွက်သစ် ဖော်ထုတ်ရေး ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက မြေကွက်ဖော်ထုတ်ထားရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက် ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး သာအေးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဆူးလေ အမှတ်(၅)ဆိပ်ကမ်းတွင် ဂျပန်နိုင်ငံမှ ရောက်ရှိလာသော RBE တွဲခြောက်တွဲအား စက်ယန္တရားများဖြင့် တင်ချနေသည်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

● ရှေ့ဖုံးမှ

လမ်းညွှန်မှာကြား

ရှင်းလင်းဆွေးနွေးပွဲတွင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ယခုကဲ့သို့ တွေ့ဆုံရှင်းလင်းပွဲဖြစ်လာရခြင်းသည် နိုင်ငံတော်အကြီးအကဲက ရန်ကုန်-ပြည်-ပုဂံ-မန္တလေး ရထားလမ်းကို ရန်ကုန်-မန္တလေး ရထားလမ်းကဲ့သို့ အဆင့်မြှင့်တင်ပေးပြီး ခရီးသည်နှင့် ကုန်စည်များကို များများနှင့် မြန်မြန် သယ်ပို့ရန်လိုကြောင်း၊ ရန်ကုန်- ပြည်-ပုဂံ ရထားလမ်း အဆင့်မြှင့်တင်ပြီးစီးပါက ရန်ကုန်မှ ပုဂံအထိ နိုင်ငံခြားသား ခရီးသည်များအား သယ်ပို့ပေးခြင်းဖြင့် မြန်မာ့ခရီးသွားလုပ်ငန်းကို မြှင့်တင်ပေးရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ထပ်မံ၍ ပုဂံဒေသသည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ စုပေါင်းတည်ရှိရာ ဒေသဖြစ်ကြောင်း၊ ကမ္ဘာလှည့်ခရီးသွားများ မြန်မာနိုင်ငံသို့ ရောက်ရှိစဉ် မဖြစ်မနေ သွားရောက်လည်ပတ်ရာ ဒေသဖြစ်ကြောင်း၊ ရထားဖြင့် နိုင်ငံခြားသားခရီးသွားများ အချိန်ကုန်သက်သာစွာဖြင့် ပုဂံသို့ သွားလာနိုင်ရေးအတွက် ဆောင်ရွက်ပေးရန်လိုကြောင်းကို လမ်းညွှန်မှာကြားခဲ့ကြောင်း။

ရှင်းလင်းပြောကြား

မြန်မာ့မီးရထားအနေဖြင့် ပုံမှန်ခရီးစဉ်များကို ပြေးဆွဲလျက်ရှိပြီး အခါအားလျော်စွာ ခရီးသွားလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပြီး အထူးရထားများ စီစဉ်ပြေးဆွဲပေးမည်ဖြစ်ကြောင်း၊ မကြာမီ ရန်ကုန်-ပြည်-ကျောက်ပန်းတောင်း-ပုဂံ ရထားခရီးစဉ်အသစ်ကို ပြေးဆွဲမည်ဖြစ်ပြီး ကမ္ဘာလှည့်ခရီးသည်များအတွက် လေအေးပေးစက်နှင့် မီးဖိုခန်းပါရှိသော အိပ်စင်တွဲ၊ လေအေးစက်ပါ ထိုင်ခုံတွဲ၊ စားသောက်တွဲများ ပါရှိမည်ဖြစ်ကြောင်း၊ မြန်မာ့မီးရထားအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ကမ္ဘာလှည့်ခရီးသည်များ၏ ခရီးသွားလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ပိုမိုအဆင်ပြေ

ယင်းနောက် ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်က ကမ္ဘာလှည့်ခရီးသည်များသည် တစ်နှစ်ထက်တစ်နှစ် သွားလာမှုများပြားလာသည်နှင့်အမျှ ကမ္ဘာလှည့်ခရီးသည်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားက ရန်ကုန်-ပုဂံ ရထားလမ်းပိုင်းတွင် အဆင့်မြှင့် သီးခြားတွဲဆိုင်းများ ချိတ်ဆက်ကာ ပို့ဆောင်ပြေးဆွဲမည်ဖြစ်၍ ပိုမိုအဆင်ပြေကြောင်းနှင့် ခရီးသွားလုပ်ငန်းများဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

လိုက်လံကြည့်ရှု

ထို့နောက် တာဝန်ရှိသူများနှင့် ခရီးသွားလုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းနှင့် ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်တို့က ရှင်းလင်းပြောကြားကြပြီး ကမ္ဘာလှည့်ခရီးသည်များစီးနင်းမည့် တွဲဆိုင်းများကို လိုက်လံကြည့်ရှုကြသည်။

(၆၅)နှစ်မြောက် တပ်မတော်နေ့

ဦးတည်ချက်

၁။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရန် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၃။ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှုစွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ်တိုက်ဖျက်ရေး။

၄။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ရောက်ရှိ

ထိုမှတစ်ဆင့် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းနှင့် ဒုတိယဝန်ကြီးများသည် ဆူးလေအမှတ်(၅)ဆိပ်ကမ်းသို့ ရောက်ရှိကြပြီး ဂျပန်နိုင်ငံ MEIWA TECHNIKA Co., Ltd. မှ ရောက်ရှိလာသော RBE တွဲခြောက်တွဲတို့ကို BOHAI CHALLENGE သင်္ဘောပေါ်မှ စက်ယန္တရားများဖြင့် ချနေမှုကို ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ၂၀ရက်က သဃ်န်းကျွန်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးဉာဏ်ထွန်း၊ တပ်စုမှူး ဦးဝင်းဦးနှင့် သန္ဓေတပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးခင်မောင်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ (ဂ)ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်အောင်နှင့် အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ရပ်ကွက်လူနေအိမ်များကို မီးဘေးကြိုတင်ကာကွယ်ရေးများ တစ်အိမ်တက်ဆင်းကွင်းဆင်း စစ်ဆေးကြစဉ်။ (၁၂၁)

ပဲခူးတိုင်း (အနောက်ပိုင်း) လက်ပံတန်းမြို့ အဝေးပြေးစက်သုံးဆီအရောင်းဆိုင် အမှတ် (၀၉၄၇)တွင် ဖေဖော်ဝါရီ ၂၃ရက်က မီးငြိမ်းသတ်မှုသရုပ်ပြရာ ဆိုင်မန်နေဂျာ ဦးမြင့်နိုင်နှင့် ဝန်ထမ်းများ ဆောင်ရွက်နေမှုကို ဆိုင်ကြီးကြပ်စစ်ဆေးရေးမှူး ဦးသူရစံကျော်၊ မီးသတ်ဦးစီးမှူး ဦးမောင်မောင်နိုင်၊ စခန်းမှူး ရဲအုပ်ဝင်းနိုင်တို့အဖွဲ့ ကြီးကြပ်အားပေးကြစဉ်။

(၁၇၅)

မီးလောင်စဉ် (ပြည်သူတို့၏တာဝန်)

(က) မီးလောင်မှုဖြစ်ပွားပါက အနီးဆုံးမီးသတ်စခန်းသို့ အမြန်ဆုံးအကြောင်းကြားပါ။
(ခ) မီးသတ်ယာဉ်များမရောက်မီ ရေပုံးများ၊ ရရာပစ္စည်းများဖြင့် မီးပြန့်ပွားခြင်းမရှိအောင် ထိန်းသိမ်း ငြိမ်းသတ်ပါ။
(ဂ) မီးလောင်ပြင်သို့လာသော မီးသတ်ယာဉ်များအား ဝင်လမ်း၊ ထွက်လမ်း ပိတ်ဆို့မှု မရှိစေရေး ကူညီဆောင်ရွက်ပါ။
(ဃ) မီးလောင်မှုကြောင့် လွင့်ပျံ့နေသော မီးပွားများကို ရေပက်ဖျန်းငြိမ်းသတ်ပေးပါ။
(င) မီးလောင်မှုကို ကူညီငြိမ်းသတ်ပေးပါ။
(စ) နှောင့်ယှက်သူများ၏ အန္တရာယ်မှ ကာကွယ်ပေးပါ။

ကျောက်တော်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာဆိုတော်နေ့ အခမ်းအနားကျင်းပ

ကျောက်တော် ဖေဖော်ဝါရီ ၂၈

ကျောက်တော်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ၁၃၇၁ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အခမ်းအနားနှင့် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲ၊ ဒသမအကြိမ်မြောက် စာပေပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက် မွန်းလွဲ ၁နာရီက မြို့မရှေ့ကျောင်း ဓမ္မဗိမာန်တော်(အမျိုးသားကျောင်း)၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌထံမှ ပေးပို့သော ၁၃၇၁ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ သဝဏ်လွှာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အမှုဆောင် ဦးလှကျော်သိန်း(ရွှေကျိန်းသား-ဥဿလင်း)က ဖတ်ကြားပြီး ဒသမအကြိမ်မြောက် စာပေပြိုင်ပွဲ အဆင့်(၁) ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးတို့၌ ဆုရရှိသူ ၁၃ဦး၊ ပြိုင်ပွဲအဆင့် (၂)တွင် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးတို့၌ ဆုရရှိသူ ၁၄ဦး စုစုပေါင်း ၂၇ဦးတို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိသူများကိုယ်စား မောင်ထွန်းမြင့်(ခိုင်မော်ထွန်း-ဒုက္ကံချောင်း)က ကျေးဇူးတင်စကား ပြောကြားသည်။

ဟောပြော

ဆက်လက်၍ စာပေဟောပြောပွဲကိုကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိန်(ခိုင်ကျော်နွယ်-ကျောက်တော်)က စာပေပညာဖြင့် ပြည်သူကို အကျိုးပြုစေလိုသည် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အတွင်းရေးမှူး ဦးရွှေထွန်းမောင် (ထက်မြက်နွယ်-ကျောက်တော်)က ဝတ္ထုတိုဟူသည် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အမှုဆောင် ဦးကျော်ကျော် (ခိုင်မြတ်ကျော်-မောရမြေ)က စကားလက်ဆောင်၊ စာလက်ဆောင် ခေါင်းစဉ်ဖြင့် လည်းကောင်း စာပေနှင့်ယဉ်ကျေးမှုဆိုင်ရာများကို အသီးသီးဟောပြောကြသည်။

(မြို့နယ် စာပေနှင့်စာနယ်ဇင်း)

ပင်လယ်ဖြတ်ကျော် တံတား တည်ဆောက်ရန် စီစဉ်လျက်ရှိ

တိုင်ပေ ဖေဖော်ဝါရီ ၂၈

တရုတ်-တိုင်ပေ ကင်မင်န်ဒေသရှိ ကျွန်းနှစ်ကျွန်းကိုဆက်သွယ်သည့် ၅ဒသမ၃၄ ကီလိုမီတာရှိ ဒေသအတွင်း အရှည်ဆုံးတံတားတစ်စင်းကို ယခုနှစ်အကုန်တွင် စတင်တည်ဆောက်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာမီဒီယာများက သတင်းထုတ်ပြန်သည်။

ဆက်သွယ်ထား

ဂရိတ်တာကင်မင်န်ကျွန်းနှင့် လီဆာကင်မင်န်ကျွန်းနှစ်ကျွန်းအကြား ဆက်သွယ်ထားသည့် ယင်းတံတားသည် ဖူကျန့်ပြည်နယ် အရှေ့တောင်ပိုင်း ပြည်မကြီး၏ဆိပ်ကမ်းမြို့ဖြစ်သည့် ဆင်မင်းမြို့နှင့်နီးကပ်လျက်ရှိကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

တိုးတက်အောင်မြင်

ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအား ဆွဲဆောင်လျက်ရှိသည့် လီဆာကင်မင်န်ကျွန်းအနေဖြင့် တံတားကြီး တည်ဆောက်ပြီးစီးပါက ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်အောင်မြင်လာဖွယ်ရှိသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆီးရီးယားနှင့် အီရန်နိုင်ငံအကြားညီညွတ်မှု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဖြိုခွဲဟုဆို

ဒမတ်စကတ် ဖေဖော်ဝါရီ ၂၈

ဆီးရီးယားနှင့်အီရန်တို့သည် အချင်းချင်းသွေးစည်းညီညွတ်မှုကိုပြသကာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်အား ဖေဖော်ဝါရီ ၂၅ရက်က အာခံလိုက်သည်။

သွေးခွဲဖြိုခွင်း

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်သည် ဆီးရီးယားနိုင်ငံ မြို့တော် ဒမတ်စကတ်သို့ လာရောက်လည်ပတ်ခြင်းမှာ ဆီးရီးယားနှင့် အီရန်နိုင်ငံတို့ ဆယ်စုနှစ်အတန်ကြာ မဟာမိတ်ပြု ချစ်ကြည်ရင်းနှီးလာခဲ့ခြင်းကို သွေးခွဲဖြိုခွင်းရန်ဖြစ်သည်ဟု ဆီးရီးယားနှင့် အီရန်တို့ကစွပ်စွဲ၍ ယင်းအလည်အပတ်ခရီးကို အရေးမထားဘဲနေသည်။

တက်ရောက်

ဆီးရီးယားသမ္မတ ဘာရှာအယ်အာဆတ်နှင့် အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်တို့သည် ပြည်ဝင်ခွင့်ဗီဇာအသုံးမပြုရေး နှစ်နိုင်ငံသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုကြပြီးနောက် ဆီးရီးယားနိုင်ငံ မြို့တော်ဒမတ်စကတ်၌ကျင်းပသည့် ဘာသာရေးပွဲတော်အခမ်းအနားသို့ တက်ရောက်ကြသည်။

အမ်အင်န်အေ၊ရိုက်တာ

ဂျာမနီနိုင်ငံမြောက်ပိုင်း ဟန်နိုဗာမြို့ရှိ မော်တော်ကားထုတ်လုပ်သည့်စက်ရုံ လုပ်ငန်းခွင်တစ်နေရာကို ဖေဖော်ဝါရီ ၂၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ရှန်ဟိုင်းကုန်စည်ပြပွဲ၌ ဝင်ရောက်ပြသရန် ဖီဂျီစီးပွားရေးအဖွဲ့ တရုတ်သို့သွားရောက်မည်

ဆူဗား ဖေဖော်ဝါရီ ၂၈

စီးပွားရေးလုပ်ငန်းရှင်များ အစိုးရဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ခရီးသွားလုပ်ငန်းမှ အစုရှယ်ယာရှင်များ ပါဝင်သည့် ၄၅ဦးပါ ဖီဂျီကိုယ်စားလှယ်အဖွဲ့သည် လာမည့်မေလတွင်ကျင်းပမည့် တရုတ်နိုင်ငံ ရှန်ဟိုင်းကုန်စည်ပြပွဲသို့သွားရောက်ကြမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၇ရက်က ထုတ်ပြန်သည့် အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

တိုက်တွန်း

အမျိုးသားညှိနှိုင်းရေးကော်မတီ (အင်န်စီစီ)က အထည်အလိပ်ဒီဇိုင်းရေးဆွဲသူများထံမှ စိတ်ဝင်စားစရာကောင်းသည့် ပုံစံတူဒီဇိုင်းများရေးဆွဲရန် အင်န်စီစီအကြီးအကဲ ဘင်နီရော်ဂျာက တိုက်တွန်းသည်။

ပြသ

ကုန်စည်ပြပွဲတွင် ပြသမည့်အခြားပစ္စည်းများမှာ ပရိဘောဂ၊ ဖီဂျီအရက်၊ သကြား၊ ရှူးဖိနပ်နှင့် အခြားပစ္စည်းများဖြစ်ကြသည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။ **(အင်တာနက်)**

ကြက်ငှက်တုပ်ကွေးရောဂါ တိုက်ဖျက်ရေးအစီအစဉ် တောင်ကိုရီးယား ချမှတ်

ဆိုးလ် ဖေဖော်ဝါရီ ၂၈

တောင်ကိုရီးယားအစိုးရက ကြက်ငှက်တုပ်ကွေးရောဂါတိုက်ဖျက်ရေးနှင့် ကာကွယ်တားဆီးရေးအစီအစဉ်များ အခိုင်အမာချမှတ်မည်ဟု ဖေဖော်ဝါရီ ၂၇ရက်က ပြောကြားသည်။

ဝင်ရောက်

အရှေ့တောင် အာရှနိုင်ငံများတွင် ကြက်ငှက်တုပ်ကွေးရောဂါ ပြန့်ပွားလျက်ရှိပြီး တောင်ကိုရီးယားနိုင်ငံအတွင်းရှိ ကြက်နှင့်ဘဲများတွင် လာမည့်ရက်သတ္တပတ်များအတွင်း ဗိုင်းရပ်စ်ပိုးကူးစက်နိုင်သည့် အခွင့်အလမ်းများရှိနေသည်ဟု စားနပ်ရိက္ခာ၊ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ ပင်လယ်ဝါ ဒေသရှိ ဟူဆန်နှင့် ဟောင်ကျန်းတွင် ရွှေ့ပြောင်းငှက်များ ကျက်စားလေ့ရှိသည့် နေရာများဖြစ်သောကြောင့် ယင်းဒေသသို့ နားခိုသည့်ငှက်များအား စောင့်ကြည့်ရန် အလေးထားရမည်ဟု တောင်ကိုရီးယား အရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

နိုင်ဂျီးရီးယား၌ ရေနံပိုက်လိုင်းများပြုပြင်ရန် အမေရိကန်ဒေါ်လာသန်း ၂၀၀ကျော်သုံးစွဲခဲ့

လေဂို့စ် ဖေဖော်ဝါရီ ၂၈

နိုင်ဂျီးရီးယားအစိုးရအနေဖြင့် နိုင်ဂျာမြစ်ဝကျွန်းပေါ်ဒေသရှိ ယိုယွင်းပျက်စီးနေသည့် ရေနံပိုက်လိုင်းများပြင်ဆင်ရန် အမေရိကန်ဒေါ်လာသန်း၂၀၀ ကျော် သုံးစွဲခဲ့ပြီးဖြစ်သည်။

ပြောကြား

အဘူဂျာမြို့၌ ဖေဖော်ဝါရီ ၂၄ရက်၌ကျင်းပသည့် နိုင်ဂျီးရီးယား ရေနံနှင့်သဘာဝဓာတ်ငွေ့(အင်န်အိုဂျီ)ညီလာခံတွင် နိုင်ငံပိုင် ရေနံကော်ပိုရေးရှင်းမှအကြီးအကဲ မိုဟာမက်ဘာကင်ဒိုက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့တောင်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသရှိ ထရန်ဖောကာဒိုနှင့် အိစ်ကာဗို ရေနံပိုက်လိုင်းများအတွက် ပြုပြင်ရန် ဘဏ္ဍာငွေအမြောက်အမြားကို အစိုးရက လျာထားသတ်မှတ်ထားသည်ဟု ဆိုသည်။

အဆိုပါ ရေနံပိုက်လိုင်းများ ပျက်စီးယိုယွင်းမှုကြောင့် ယမန်နှစ်က ရေနံစိမ်းထုတ်လုပ်မှုတစ်နေ့လျှင် စည်ပေါင်း ၁ဒသမ၃ သန်းကျော် လျော့နည်းကျဆင်းသွားသည်ဟု သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပုံးဖောက်ခွဲတိုက်ခိုက်

ပါကစ္စတန်နိုင်ငံ ဖရွန်တီယာပြည်နယ် အနောက်မြောက်ပိုင်း ကာရက်ဒေသရှိ ရဲစခန်း၌ ဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဖေဖော်ဝါရီ ၂၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဆက်သွယ်ရေးသုတေသနဌာန တူရကီ၌ဖွင့်လှစ်

အစ္စတန်ဘူလ် ဖေဖော်ဝါရီ ၂၈

တရုတ်ဆက်သွယ်ရေးကုမ္ပဏီ ဟွာဝေးသည် တူရကီနိုင်ငံအစ္စတန်ဘူလ်မြို့၌ ၎င်း၏သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနကို ဖေဖော်ဝါရီ ၂၇ရက်က ဖွင့်လှစ်လိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

စီစဉ်

အဆိုပါကုမ္ပဏီအနေဖြင့် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာသန်း ၅၀ ကျော် ရင်းနှီးမြှုပ်နှံသွားရန် စီစဉ်ထားသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကနေဒါနိုင်ငံ ကွီဘက်ပြည်နယ်အတွင်း ရထားလမ်းချော်

အော့တဝါ ဖေဖော်ဝါရီ ၂၈

ကနေဒါနိုင်ငံ ကွီဘက်ပြည်နယ်တွင် ခရီးသည် ၁၂၀ခန့် လိုက်ပါလာသော ရထားတစ်စင်း လမ်းချော်တိမ်းမှောက်သွားကြောင်း ကနေဒါအသံလွှင့်ကော်ပိုရေးရှင်း(စီဘီစီ)က ဖေဖော်ဝါရီ ၂၅ရက်၌ အသံလွှင့် ကြေညာသည်။

ယင်းကဲ့သို့ တိမ်းမှောက်သွားသဖြင့် ခရီးသည်ခုနစ်ဦး အနည်းငယ်စီဒဏ်ရာရရှိသွားကြောင်း၊ တစ်ဦးထက်မနည်း ဒေသန္တရဆေးရုံသို့ တင်ပို့လိုက်ရကြောင်း၊ အခြားခရီးသည်များမှာ သွေးလန့်ခြောက်ခြားနေသည့်ဝေဒနာကုသခံနေရကြောင်း သိရသည်။

လမ်းချော်

အဆိုပါမီးရထားသည် ကွီဘက်မြို့တောင်ဘက်ကမ်းခြေဒေသရှိ ချားလ်စ်ဒီ-ဘယ်လပ်ဆီနှင့် နီးကပ်နေသော ရထားလမ်း၌ နံနက် ၄ နာရီ ၄၅မိနစ်အချိန်တွင် လမ်းချော်သွားခြင်းဖြစ်ကြောင်း၊ လမ်းချော်သည့်နေရာမှာ စိန့်လောရင့်မြစ် တောင်ဘက်ကမ်းနှင့်နီးကြောင်း ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

ကဘူးလ်မြို့၌ ဗုံးပေါက်ကွဲမှု ၁၇ဦးသေဆုံး၊ ၃၂ဦးဒဏ်ရာရ

ကဘူးလ် ဖေဖော်ဝါရီ ၂၈

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ရှိ ဟိုတယ်နှင့်ဧည့်ဂေဟာအနီး၌ ဖေဖော်ဝါရီ ၂၆ရက် နံနက်ပိုင်းက ပြင်းထန်သည့် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၁၇ဦးသေဆုံးပြီး ၃၂ဦးဒဏ်ရာရရှိကြောင်း အာဖဂန်သတင်းရပ်ကွက်က ပြောကြားသည်။

ကဘူးလ်မြို့ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ တာဝန်ကျရာနေရာ၌ ပေါက်ကွဲခြင်းဖြစ်ကြောင်း၊ ထိခိုက်ဒဏ်ရာရသူများတွင် နိုင်ငံခြားသား အများအပြားပါဝင်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ဖြစ်ပွား

ထိုနေရာ၌ ဗုံးပေါက်ကွဲမှုနှစ်ကြိမ် ထပ်မံဖြစ်ပွားသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အာဖဂန်နစ္စတန်၌ ၂၀၀၁ခုနှစ်ကတည်းက ဖြစ်ပွားသည့် တိုက်ပွဲများအတွင်း အာဖဂန်အရပ်သားထောင်ပေါင်းများစွာ သေဆုံးခဲ့ရသည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘင်္ဂလားဒေ့ရှ် အထည်ချုပ်စက်ရုံမီးလောင် ၂၁ဦးသေဆုံး၊ ၅၀ဒဏ်ရာရ

ဒါကာ ဖေဖော်ဝါရီ ၂၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ အထည်ချုပ်စက်ရုံတစ်ရုံ၌ ဖေဖော်ဝါရီ ၂၅ရက်က မီးလောင်မှုဖြစ်ပွားရာ ၂၁ဦးထက်မနည်းသေဆုံးပြီး လူ ၅၀နီးပါး ဒဏ်ရာရရှိသွားကြောင်း ဆရာဝန်နှင့်ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းဖြစ်ပွားမှုသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာ၏ မြောက်ဘက် မိုင်၃၀အကွာ ဂါဇီပူးမြို့ရှိ ဂါရစ်အင်ဂါရစ်နီဝါအထည်ချုပ်စက်ရုံ၌ နှစ်နာရီကျော်ကြာအောင် မီးလောင်ခဲ့ခြင်းဖြစ်သည်။

မီးလောင်သေဆုံးရသူများအနက် ၁၃ဦးမှာ အမျိုးသမီးများဖြစ်ကြောင်း ဂါဇီပူးဆေးရုံမှဆရာဝန်က ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

လူသားစက်ရုပ်

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ စက်မှုနည်းပညာပြပွဲ၌ ပြသထားသည့် လူသားစက်ရုပ်ကို ဖေဖော်ဝါရီ ၂၇ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

အစ္စရေးတပ်ဖွဲ့နှင့်ပါလက်စတိုင်းတို့ ပဋိပက္ခဖြစ်ပွား

ပါလက်စတိုင်းအနောက်ဘက်ကမ်းဒေသ ဘတ်လီဟမ်မြို့တွင် ဖေဖော်ဝါရီ ၂၈ရက် နံနက်က အစ္စရေးတပ်ဖွဲ့ဝင်များနှင့် ပါလက်စတိုင်းအရပ်သားများ ပဋိပက္ခဖြစ်ပွားရာ အစ္စရေးတပ်ဖွဲ့ဝင်များပစ်ခတ်မှုကြောင့် ပါလက်စတိုင်း ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်း အရာရှိများက ပြောကြားသည်။

ချီလီငလျင်ကြောင့်ဖိလစ်ပိုင်ကမ်းခြေသို့ ဆူနာမီလှိုင်းရိုက်ခတ်

ချီလီနိုင်ငံတွင် ဖေဖော်ဝါရီ ၂၇ရက်က လှုပ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် ဖိလစ်ပိုင်နိုင်ငံအရှေ့တောင်ပိုင်း ကမ်းခြေဒေသများသို့ ဖေဖော်ဝါရီ ၂၈ရက် နံနက်က အမြင့်နှစ်ပေခန့်ရှိသော ဆူနာမီရေလှိုင်းများ ရိုက်ခတ်ခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှု မရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ မိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။

တရုတ် အရှေ့ပိုင်း၌ စက်ရုံပေါက်ကွဲမှုဖြစ်ပွား

တရုတ်နိုင်ငံ အရှေ့ပိုင်း ရှန်တုန်ပြည်နယ်ရှိ ရေမွှေးထုတ်လုပ်သော စက်ရုံတစ်ရုံ၌ ဖေဖော်ဝါရီ ၂၈ရက်က ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ အလုပ်သမားနှစ်ဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ပေါက်ကွဲမှုမှာ ဓာတုပစ္စည်း မတော်တဆမှုကြောင့် ဖြစ်ကြောင်း တရုတ်ရဲတပ်ဖွဲ့က ပြောကြားသည်။ (အောက်ပုံ)

ပါကစ္စတန် အနောက်မြောက်ပိုင်း၌ ငလျင်လှုပ်

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဖရွန်တီးနားပြည်နယ်ရှိ စဝပ်၊ နောင်ရှီရာနှင့် မာလာကင့်မြို့များတွင် ဖေဖော်ဝါရီ ၂၈ရက် နံနက်က ရစ်ချ်တာစကေး ၆ဒသမ၂ အင်အားရှိသည့် ငလျင်လှုပ်ခဲ့ကြောင်း၊ နေအိမ်နှင့် အဆောက်အအုံအချို့ ပျက်စီးခဲ့ကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်မည်

အိန္ဒိယနိုင်ငံသည် ၂၀၁၀-၂၀၁၁ခုနှစ်အတွက် ကာကွယ်ရေး အသုံးစရိတ်ကို အမေရိကန်ဒေါ်လာ ၃၂ဘီလီယံ အထိ တိုးမြှင့်သုံးစွဲမည်ဖြစ်ကြောင်း၊ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ကာကွယ်ရေး အသုံးစရိတ်ထက် ၈ဒသမ ၁၃ ရာခိုင်နှုန်း ကျော်ရှိကြောင်း အိန္ဒိယစစ်ဘက်က ဖေဖော်ဝါရီ ၂၈ရက်၌ သတင်းထုတ်ပြန်သည်။

ကမ္ဘောဒီးယား၌ သဘာဝသယံဇာတ များစွာရှိနေ

ကမ္ဘောဒီးယားနိုင်ငံတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့၊ သတ္တုရိုင်းနှင့် အခြား သယံဇာတပစ္စည်းများကို ပိုမိုထုတ်ယူနိုင်ရေး တိုးချဲ့ရှာဖွေလျက်ရှိရာ နေရာအများ အပြားတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ စီးပွားဖြစ်ထုတ်ယူနိုင်သော နေရာများ တွေ့ရှိကြောင်း၊ အနည်းဆုံး သဘာဝသယံဇာတ ထုတ်ယူနိုင်သည့် လုပ်ကွက် ၁၀၀ကျော်ရှိကြောင်း ကမ္ဘောဒီးယားအရာရှိများက ဖေဖော်ဝါရီ ၂၈ရက်တွင် သတင်းထုတ်ပြန်သည်။

ပါကစ္စတန် အနောက်မြောက်ပိုင်း၌ မြေပြိုမှုဖြစ်ပွား

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း အယ်ပူရီမြို့တွင် ဖေဖော်ဝါရီ ၂၈ရက်က မြေပြိုမှု ရုတ်တရက်ဖြစ်ပွားရာ ဒေသခံ ငါးဦးသေဆုံးပြီး နေအိမ်လေးလုံး ပျက်စီးသွားကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖိလစ်ပိုင်တောင်ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဘာရန်ဂေးကျေးရွာအနီး၌ ဖေဖော်ဝါရီ ၂၈ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၁၂နှစ်အရွယ်ကလေးငယ်တစ်ဦး သေဆုံးပြီး အခြားလေးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ပြောကြားသည်။

နယူးယောက်မြို့၌ မုန်တိုင်းတိုက်ခတ်

အမေရိကန်နိုင်ငံ နယူးယောက်မြို့နှင့် အနောက်ဗာဂျီးနီးယားပြည်နယ်တို့တွင် ဖေဖော်ဝါရီ ၂၈ရက်က တစ်နာရီလျှင် မိုင် ၉၀နှုန်းခန့် မုန်တိုင်းဝင်ရောက် တိုက်ခတ်ခဲ့ကြောင်း၊ ဓာတ်အားကြိုးများပြတ်တောက်ပြီး ပြည်သူထောင်ပေါင်းများစွာ မုန်တိုင်းဒဏ် ခံစားခဲ့ကြရကြောင်း နယူးယောက်မြို့ မြူနီစီပယ်အဖွဲ့မှ ပြောကြားသည်။

စစ်ကိုင်းတိုင်း ကသာခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

တိုင်းမှူးဗိုလ်ချုပ်မြင့်စိုး လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၈

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်စိုးသည် ဖေဖော်ဝါရီ ၁၉ရက်က စစ်ကိုင်းတိုင်း ကသာခရိုင် ဗန်းမောက်မြို့ မြို့နယ်ခန်းမ၌ကျင်းပသော တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ရာ ဗန်းမောက်မြို့နယ် ဥက္ကဋ္ဌက နယ်မြေဒေသအခြေအနေနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက အမှာစကား ပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဗန်းမောက်မြို့နယ် ခမိုးကျေးရွာသို့ ရောက်ရှိပြီး နွေစပါး စံပြစိုက်ကွက်ရှိ ဓာတ်မြေသြဇာစုပေါင်းကြဲပက်ပွဲ အခမ်းအနားသို့ တက်ရောက်ကာ ရွှေဘို (၁)စပါးစိုက်ခင်းအတွင်း စုပေါင်းဓာတ်မြေသြဇာကြဲပက်နေမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာက နွေစပါး စိုက်ပျိုးပြီးစီးမှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် တိုင်းမှူးက ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖွင့်လှစ်ပေး

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ထီးချိုင့်မြို့၌ ကျင်းပသော (၆၅)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ထီးချိုင့်မြို့ ရွှေပြည်သာခန်းမဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ရာ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့မိ မြို့ဖတစ်ဦးတို့က ရွှေပြည်သာခန်းမကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက ရွှေပြည်သာ ခန်းမဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး အခမ်းအနားတက်ရောက်လာကြသော လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ထီးချိုင့်မြို့နယ်သစ်တောဦးစီးဌာန ထီးချိုင့်ကြိုးပြင်တော ကျွန်းစိုက်ခင်းသို့ရောက်ရှိစစ်ဆေးရာ တိုင်းသစ်တောဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျွန်းစိုက်ခင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် အမှတ် (၃) ခရိုင်ချင်းဆက်လမ်း၊ ထီးချိုင့်-ကသာလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး လမ်းဘေးဝဲယာ တစ်လျှောက်ရှိ ရာသီသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

b'coz အမှတ်တံဆိပ် အဝတ်အထည်နှင့် ဖက်ရှင်ပစ္စည်းအရောင်းခန်းမဖွင့်လှစ်

ဖွင့်ပွဲအထိမ်းအမှတ် အထူးလျှော့ဈေးဖြင့် ရောင်းချ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

b'coz အမှတ်တံဆိပ် အဝတ်အထည်နှင့် Fashion ပစ္စည်းများ အရောင်းခန်းမဖွင့်ပွဲ အခမ်းအနားကိုယမန်နေ့ နံနက် ၉နာရီတွင် အရောင်းခန်းမတည်ရှိရာ အမှတ် ၁၂၄ မဟာဗန္ဓုလပန်းခြံလမ်း မြို့တော် ခန်းမရှေ့ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၌ ကျင်းပသည်။ **(အောက်ပုံ)**

b'coz အရောင်းခန်းမသစ်ကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး၊ စွယ်စုံမီဒီယာ အုပ်စုမှ ဒါရိုက်တာ ဒေါက်တာခင်မိုးမိုး၊ b'coz အဝတ်အထည်လုပ်ငန်းရှင် ဦးဇော်နိုင်မိုးနှင့် ဒေါ်ဇာမွန်အိတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် b'coz အမှတ်တံဆိပ် အဝတ်အထည်လုပ်ငန်းက မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေအဖြစ် ငွေကျပ်တစ်သိန်းကို ပေးအပ်သည်။

စိတ်တိုင်းကျ

b'coz အမှတ်တံဆိပ် အဝတ်အထည်များကို အမျိုးသား၊ အမျိုးသမီး နှစ်မျိုးလုံးအတွက် ထုတ်လုပ်ပြီး ဒီဇိုင်းဆန်းသစ်လှပခြင်း၊ အရည်အသွေးခိုင်ခံ့ ကောင်းမွန်ခြင်း၊ မြန်မာနိုင်ငံရာသီဥတုနှင့် သင့်လျော်ခြင်း၊ အရည်အသွေးမြင့် ပိတ်စများကို အသုံးပြုထားခြင်း၊ ဈေးနှုန်းသက်သာခြင်းတို့ကြောင့် ဝယ်ယူအားပေးသုံးစွဲသူများ များပြားလာသည့်အတွက် ဝယ်ယူသုံးစွဲသူများ လွယ်လင့်တကူ ဝယ်ယူသုံးစွဲနိုင်ရန် ယခုကဲ့သို့ အရောင်းခန်းမ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။ b'coz အမှတ်တံဆိပ်အနေဖြင့် အသင့်ချုပ် အဝတ်အထည်များအပြင် မင်္ဂလာဆောင် အခမ်းအနားများ၊ ပွဲတက်ဝတ်စုံများ၊ ကုမ္ပဏီ တူညီဝတ်စုံများကိုလည်း အပ်နှံသူများ စိတ်တိုင်းကျအာမခံဖြင့် အရောင်းခန်းမတစ်နေရာတည်းမှာပင်လက်ခံဆောင်ရွက်ပေးမည်ဖြစ်သည်။

b'coz အရောင်းခန်းမတွင် b'coz အမှတ်တံဆိပ် အဝတ်အထည်များအပြင် Promise အမှတ်တံဆိပ် အမျိုးသမီး လက်ကိုင်အိတ်များ၊ Sweety အမှတ်တံဆိပ် အမျိုးသမီးအသုံးအဆောင်ပစ္စည်းများ၊ ထိုင်းနိုင်ငံလုပ် Kawai၊ White Rose၊ Nike အမှတ်တံဆိပ် အဝတ်အထည် အသုံးအဆောင်ပစ္စည်းများ၊ Fancy ပစ္စည်းများ၊ ကလေးကစားစရာ ပစ္စည်းများကိုလည်း ရောင်းချရန် စီစဉ်ထားကြောင်း သိရသည်။

b'coz အမှတ်တံဆိပ် အဝတ်အထည် အရောင်းခန်းမဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၂၇ရက်မှ မတ် ၇ရက်အထိ ၉ရက်အတွင်း ဝယ်ယူအားပေးသူများအား ဖွင့်ပွဲအထိမ်းအမှတ် သီးသန့်လျှော့ဈေးဖြင့် ရောင်းချပေးရန် စီစဉ်ထားသည်။ b'coz အဝတ်အထည်များနှင့် Fashion ပစ္စည်းများကို လက်ကားရယူ ရောင်းချလိုပါက ဖုန်း- ၃၇၆၉၉၇၊ ၀၉-၅၁-၂၀၃၁၅နှင့် ၀၉-၅၅-၀၂၈၈၈တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)

၂-၃-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၁၅ တရားတော် **(မောရသုတ်+ ဝဋ္ဋသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်းဆောင်းပါး
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ပြောပါရစေရှင် (အချစ်ဆိုသည်မှာ)
၈း၄၀ တေးပဒေသာ
၉း၀၀ အစီအစဉ်ပြီး၏။
၁၀း၀၀ မွေးနေ့လက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၀း၄၅ ခံတွင်းမြိန်စရာ သူ့လက်ရာ (မော်လမြိုင်မုန့်တီ)
၁၀း၅၅ တေးသီချင်း
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ Talk on Line (စည်သူလွင်)
၁၁း၅၀ တေးပဒေသာ
၁၂း၀၀ စံတော်ချိန် Current Song (12) တေးပဒေသာ
၁၂း၄၀ ပြီးပဒေသာ(မောင့်အကြိုက်)
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ ပညာရေးအစီအစဉ် [ဘီအီးဒီ(ပထမနှစ်) -ပညာရေးသဘောတရား] တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ မေတို့တွက်တာ အလှကမ္ဘာ (သန့်စင်သော အလှအပ အသုံးအဆောင်များ)
၁၇း၁၀ တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ညနေခင်းတေးပဒေသာ
၁၇း၄၅ ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၂၉)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ညနေခင်းတေးပဒေသာ
၁၈း၃၀ စာအုပ်စာပေ လူ့မိတ်ဆွေ
(၁) English Grammar and Speaking (အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝေဠုရိယ)
(၂) တရုတ်-အင်္ဂလိပ်-မြန်မာ စကားပြေ (ဦးအောင်နိုင်-ဘီအေ) တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ ဇာတ်လမ်းပမာ နားဆင်စရာ **သူငယ်ချင်း ပြန်လာခဲ့ပါ**
၁၉း၃၀ သူ့ခေတ်သူ့ခါတေးကမ္ဘာ နိုင်ငံရေးဦးတည်ချက် ညချမ်းချိန်ခါ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ တေးစီးရီး(ရင်ခုန်သံနဲ့ တကယ်ချစ်ရဲ့လား-မောင်မောင်ထိပ်) စီးပွားရေးဦးတည်ချက်
၂၁း၀၀ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်း ကဏ္ဍ
၂၁း၁၅ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

အထက(၂) ကမာရွတ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

၁၉၈၅မှ ၂၀၀၉အထိ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူများက သက်ကြီးအာစရိယပူဇော်ပွဲကို မတ် ၂၈ရက်တွင် ယင်းကျောင်း တေဇခန်းမ၌ နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်၍ ကျောင်းသားကျောင်းသူဟောင်းများ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် အလှူငွေများကို ကောင်းငြိမ်းစိုး ဖုန်း-၀၉-၂၀-၁၇၈၇၁ (92 Batch)၊ လင်းကိုကိုတင့် ဖုန်း-၀၉-၅၁-၀၄၄၃၁ (95 Batch)၊ မျိုးမင်းသူကျော် ဖုန်း-၀၉-၅၀-၂၅၉၂၅ (95 Batch)၊ စိုင်းဇေယျလွင် ဖုန်း-၀၉-၅၁-၂၁၇၃၅ (97 Batch)၊ ဇေယျာပိုင်စိုး ဖုန်း-၀၉-၅၁-၈၀၇၂၀ (92 Batch)၊ အေးအေးမာ ဖုန်း-၅၂၆၇၀၆ (92 Batch)၊ စိုင်းစိုးထွန်းဦး ဖုန်း-၀၉-၉၉-၂၂၅၉၄ (90 Batch)နှင့် သိမ့်မင်း ဖုန်း-၅၃၀၀၀၃၊ ၅၁၃၀၈၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သမိုင်းနှင့်ယဉ်ကျေးမှု ညွှန်းပြသည့်ဂုဏ် မက္ခရာရွှေစည်းခုံ

မင်းဗေဒါ (ပွင့်ဖြူ)

နေခြည်တွင် ရွှေရည်ဝင်းလက်နေသော မင်္ဂလာနတ်ပန်းယာဉ်ပျံသည် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို အဆင့်ဆင့်ပင့်ဆောင်လျက် ဉာဏ်တော်အမြင့် ပေ ၁၃၀ကျော် စေတီအထွတ်ဆီသို့ တရွေ့ရွေ့တက်သွားသည်။ စေတီတော်ပရဝဏ် မဟာရံတံတိုင်း လေးဖက်လေးတန်တွင် အထောင်အသောင်း မကသော ပရိသတ်များသည် ကြိတ်ကြိတ်တိုးစည်ကားလျက် ဖူးမြော်ကြည်ညို နေကြ၏။ မက္ခရာရွှေစည်းခုံစေတီတော်ကြီး၏ ရွှေထီးတော်တင် ဗုဒ္ဓါဘိသေက မင်္ဂလာမွေ့တေးသံများသည် မက္ခရာမြို့ပတ်ဝန်းကျင်မှသည် ဒုဋ္ဌဝတီ(မြစ်ငယ်) မြစ်၊ ဇော်ဂျီမြစ်တို့ကို ဖြတ်ကျော်လျက် တောင်လည်ကျော်တောင်၊ ပြာသာဒ် ကျတောင်၊ ကိန္နရီတောင်များကို ရိုက်ခတ်ကာ အထက်ဘဝဂ်တိုင်အောင် ပျံ့လွှမ်း သွားလေသည်။ အချိန်ကား ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၂၉ရက်။ နေရာကား မန္တလေး တိုင်း၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ဧည့်ပြဲရွာ မက္ခရာမြို့ဟောင်းဖြစ်၏။

သမိုင်းထဲမှမက္ခရာ

မက္ခရာဟူသော အမည်သည် မြန်မာ့သမိုင်းကြောင်းတွင် နာမည်ကောင်း ဖြင့် ထင်ရှားသောအမည်ဖြစ်၏။ သက္ကရာဇ် (၆၄၆)ခုနှစ်၊ နရသီဟပတေ့(ခေါ်) တရုတ်ပြေးမင်းလက်ထက် ပထမမြန်မာနိုင်ငံတော် ပုဂံအင်ပိုင်ယာကြီး ဝါးအစည်း ပြေသွားချိန် သက္ကရာဇ် (၆၆၂)ခုနှစ်တွင် ရာဇသင်္ကြန်၊ အသင်္ခယာ၊ သီဟသူတို့ သည် မြင်စိုင်းမြို့၊ မက္ခရာမြို့၊ ပင်လယ်မြို့တို့ကို အသီးသီးတည်ထောင်၍ ပင်းယ ခေတ်ကို စတင်ခဲ့ကြသည်။

ပင်လယ်မြို့စားညီငယ်သီဟသူက သက္ကရာဇ် (၆၇၄)ခုနှစ်၊ တပေါင်း လဆန်း ၁၅ရက်တွင် နန်းတော်၊ မြို့တော်၊ ကျုံးတော်၊ ရွှေဂူဘုရားအတွင်း ရွှေကျောင်း၊ ထောက်ရှည်ကန်၊ ကန်လှ ခုနစ်ဌာနနှင့်တကွ "ဝိဇယပူရ" အမည် ဖြင့် ပင်းယမြို့နှင့် ရွှေနန်းတော်ကြီး ထပ်မံတည်ထောင်ခဲ့သည်။ နရသီဟပတေ့၏ သားတော် နန်းကျကျော်စွာမင်း၏မိဖုရားကြီး မိစောဦးကို သီဟသူမင်းက မိဖုရား ဆက်၍ တင်မြှောက်သည်။ မိဖုရားမိစောဦးနှင့်အတူ ကိုယ်ဝန်ဖြင့်ပါလာသည့် ဥဇနာမင်းသားကို မွေးဖွားစေပြီး မင်းကြီးသီဟသူက သားအရင်းပမာ စောင့်ရှောက် ကာ အိမ်ရှေ့စံအရာပေးသည်။ မိစောဦးသည် ဖွားစောဘွဲ့အမည်ဖြင့် သီဟသူ မင်းကြီး၏ မိဖုရားဖြစ်လာပြီးနောက် သားလတ် ကျော်စွာ(နောင် ဆင်ဖြူငါးစီးရှင် ကျော်စွာ)၊ သားငယ် နော်ရထာ (နောင် ပင်လယ်နှင့် ကနီမြို့စား)တို့ကို ထပ်မံ ဖွားမြင်သည်။ ဥဇနာနှင့် ကျော်စွာ၊ နော်ရထာတို့သည် မယ်တော်တူ၊ ဖခမည်းတော်ကွဲ ညီနောင်များ ဖြစ်ကြသည်။

သက္ကရာဇ် (၆၈၄)ခုနှစ်တွင် ပင်းယမြို့တည်တစ်စီးရှင် သီဟသူမင်းကြီး နတ်ရွာစံသောအခါ အိမ်ရှေ့စံ ဥဇနာမင်းသား နန်းတက်တော်မူသည်။ ဥဇနာ မင်းကြီးသည် စကားခုနစ်ကျောင်း (စံကားဝါသားဖြင့်တည်ဆောက်ထားသော ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်း)ကို ဆောက်လုပ်လှူဒါန်းသည်။ ခမည်းတော် ကောင်းမှု၊ ပင်းယရွှေစည်းခုံ စေတီကြီးကိုလည်း ပြီးစီးအောင် တည်တော်မူသည်။ မက္ခရာရွှေစည်းခုံ စေတီတော်ကြီးကိုလည်း တည်ထားခဲ့သည်ဟု အဆိုရှိ၏။

ဤအရပ်ဒေသသည် မြတ်စွာဘုရားက စိုင်ညီနောင်သုံးစီးကို အကြောင်းပြု၍ သာသနာ စည်ပင်ဝပြောလတ္တံ့သောအရပ် ဖြစ်အံ့ဟု ဗျာဒိတ်တော်ပေးခဲ့သော သာသနာ့သမိုင်းဝင် ဒေသဖြစ်ပါသည်။ ပုဂံခေတ်တွင် လယ်တွင်း ကိုးခရိုင်အတွင်း ပါဝင်ပြီး ဆန်ရေစပါးရိက္ခာ ပေါများကြွယ်ဝ၏။ မျက်မှောက်ကာလတွင် လယ်ယာစိုက်ခင်း၊ ဥယျာဉ်ခြံမြေ စိုက်ခင်းများဖြင့် ဆယ့်နှစ်ရာသီ စိမ်းလန်း ကာ ဖွံ့ဖြိုးတိုးတက်နေသော အရပ်ဒေသဖြစ်သည်။

အသစ်တွေ့ကျောက်စာအထောက်အထား

မှန်နန်းရာဇဝင်နှင့် မြန်မာရာဇဝင်ကျမ်းကြီးများတွင် 'ပင်းယခေတ် တစ်စီးရှင်သီဟသူ၏ သားတော်အကြီးဥဇနာသည် ထီးနန်းရရှိတော်မူပြီးနောက် နှစ် ၂၀အကြာ ညီတော် ငါးစီးရှင်ကျော်စွာကို ထီးနန်းလွှဲအပ်ပြီး မိမိကောင်းမှု တော် စကားခုနစ်ကျောင်းကို ပြုစုတော်မူပြီး မက္ခရာအရပ်သို့ တောဝင် (ရဟန်းပြု)တော်မူ၏' ဟု ဖော်ပြထားကြသည်။

မက္ခရာရွှေစည်းခုံစေတီကို ဥဇနာမင်းကြီး တည်ထားသည်ဟု မဖော်ပြပေ။ တည်ထားသည်ဟု ခန့်မှန်းပြောဆိုရာ၌ မင်းအဖြစ်တည်ထားခဲ့သလော၊ နန်းစွန့် ဘုရင်ဘဝတွင် တည်ထားခဲ့သလော။ ရဟန်းဘဝတွင် တည်ထားခဲ့သလော တိကျသောအဖြေ မသိခဲ့ကြချေ။

၂၀၀၈ ခုနှစ် ဧပြီလ ၂၃ရက်နေ့တွင် မက္ခရာမြို့ဟောင်း မင်းကြီးရန်နောင်ဝူ ၏ မြောက်ဘက်အဝင်မုခ်အတွင်း အုတ်ပုံ အုတ်ကျိုးများကို ရှင်းလင်းဆောင်ရွက် နေစဉ် ကျောက်စာတစ်ချပ် တွေ့ရှိတူးဖော်နိုင်ခဲ့သည်။ ကျောက်စာချပ်မှာ အမြင့် ၆ပေ ၆လက်မ၊ ဗြက် ၃ပေ ၁လက်မ၊ ထု ၆လက်မရှိပြီး စာပိုဒ် သုံးပိုဒ်၊ အကြောင်းရေ ၂၁ကြောင်းကို တွေ့ရှိရသည်။ ရှေးဟောင်းသုတေသန နှင့် သမိုင်းပညာရှင်တို့၏ ရှင်းလင်းပြောကြားချက်အရ ၎င်းကျောက်စာသည် 'မက္ခရာစည်းခုံတော် ကျောက်စာ' ဖြစ်ကြောင်း။

ကျောက်စာပထမပိုဒ်စာကြောင်းရေ တစ်မှ ခြောက်အထိတွင် သက္ကရာဇ် (၆၈၇)ခုနှစ်၌ ဥဇနာမင်းကြီးသည် မက္ခရာအရပ်တွင်ရှိသော သိရီမွေ့သောက မင်းကြီး၏ ကောင်းမှုတော် မုဋ္ဌောစေတီငယ်ကို ငုံ၍ ဖိနပ်တော်အချင်း ၁၀၂ တောင်ရှိ စေတီကြီးကိုတည်ထားကာ မြေပယ်ပေါင်း ၂၇နှင့် အမှုလုပ်ဘုရားကျွန် အယောက် ၄၀၊ စေတီတော်ကြီးအနီးရှိ ကျောင်းတော်ကို မြေပယ်ပေါင်း ၄၅၀ လှူဒါန်းခဲ့ ကြောင်း။

ကျောက်စာဒုတိယပိုဒ် စာကြောင်းရေ ခုနစ်မှ ၁၅အထိတွင် သက္ကရာဇ် (၇၁၆)ခုနှစ် တောင်ကျောင်းဒါယကာ နန်းတွင်းမဟာထေရ်က ထန်းပင်ပေါင်း ၁၅၀၀ စိုက်ပျိုး၍ မက္ခရာစည်းခုံတော် တောင်ဘက်ရှိ သိမ်ဘုရား၊ ရွှေဘုရား၊ ကျောင်းမ၊ အနောက်ကျောင်းစသော စေတီပုထိုး ကျောင်းကန်တို့ကို သင်ပုတ်ဝတ်၊ ဆီမီးဝတ်ဖြစ်စေရန် ထန်းပင်လှူကြောင်း။

ကျောက်စာတတိယပိုဒ် စာကြောင်းရေ ၁၆မှ ၂၁အထိတွင် သက္ကရာဇ် ၁၂-ခု (မိုးညှင်းမင်းတရားကြီး သက္ကရာဇ် ၈၀၀ကို ဖြိုပြီးသည့်နောက်ဖြစ်သော သက္ကရာဇ်) သက္ကရာဇ်အဟောင်း ၈၁၀ခုနှစ်တွင် မြေးတော်မက္ခရာ (နယ်စား)မင်းက ဝတ်တော် မြေများကို ပြန်လည်ဖော်ထုတ်လှူဒါန်းကြောင်း ရေးထိုးမှတ်တမ်းတင်ထားသည့် ကျောက်စာဖြစ်ပါသည်။

ဤသမိုင်းကျောက်စာ ဒုတိယပိုဒ်တွင်ပါရှိသည့် 'တောင်ကျောင်းဒါယကာ နန်းတွင်း မဟာထေရ်' ဟူသော စကားရပ်မှာ ပင်းယခေတ်နှင့် ပတ်သက်၍ ဖော်ပြထားသည့် မြန်မာရာဇဝင်သမိုင်း **ကျမ်းစာ** များနှင့်ပတ်သက်၍ မှန်ကန်ကြောင်း အထောက်အထားပြနိုင်သည့် **ကျောက်စာ** မှတ်တမ်းဖြစ်ပါသည်။ တောင်ကျောင်း ဆိုသည်မှာ မှန်နန်းရာဇဝင်တွင် ဖော်ပြထားသည့် စကားခုနစ်ကျောင်းမှ တစ်ကျောင်း၏ အမည်ဖြစ်ပါသည်။ နန်းတွင်း မဟာထေရ်ဆိုသည်မှာ ထီးနန်း စွန့်၍ မက္ခရာအရပ်တွင် ရဟန်းဝတ်နေသော ဥဇနာမင်းကြီးကို ဆိုလိုပါသည်။ ဤကျောက်စာအရ ဥဇနာမင်းကြီးသည် နန်းသက် သုံးနှစ်အကြာတွင် မက္ခရာ စည်းခုံစေတီကို တည်သည်။ မင်းကြီးအဖြစ်ရှိစဉ် ကျောက်စာရေးထိုးသည်။ ၂၉နှစ်အကြာ ရဟန်းဘဝတွင် ကျောက်စာဆက်၍ ရေးထိုးသည်။ နောက်ထပ် ၉၄နှစ်အကြာတွင် ဥဇနာမင်းကြီး၏ မြေးတော်က အလှူမှတ်တမ်းဆက်၍ ရေးထိုး ခဲ့သည်။ မက္ခရာစည်းခုံတော် ကျောက်စာသည် ဥဇနာမင်းကြီး၏ ဘဝမှတ်တမ်း ပင်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

စာမျက်နှာ ၇ ကော်လံ ၁

- မြန်မာလူမျိုးတို့သည် မိမိရေမြေပေါ်တွင် မိမိကိုယ်ပိုင်အင်အားဖြင့် အစဉ်အဆက် ခိုင်မာစွာ ရပ်တည်နေနိုင်သော လူမျိုးဖြစ်။
- အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှု နယ်မြေများသည် မြန်မာလူမျိုးတို့၏ အမျိုးသားရေး ဇာတိမာန်ကို နိုးထရှင်သန် စေခဲ့ပြီ။
- ဤသို့ ဂုဏ်ယူဖွယ် အတိတ်သမိုင်းများနှင့် မြတ်နိုးဖွယ် ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်ခဲ့။

ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါ ဖြစ်ပွားမှုကာကွယ်ရေး နှိုးဆော်ချက်

ယခုကာလတွင် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါNew Influenza A(H1N1) ဖြစ်ပွားမှုများ မြန်မာနိုင်ငံတွင် တွေ့ရှိကြောင်း နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ချင်းပြည်နယ် တီးတိန်မြို့နယ်၊ ရှမ်းပြည်နယ် ကျောက်မဲမြို့ နယ်နှင့် ရန်ကုန်တိုင်းအတွင်းရှိ ဗဟန်းမြို့နယ်၊ တာမွေမြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ရွှေပြည်သာမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ မော်ဘီမြို့နယ်တို့တွင် New Influenza A(H1N1) ရောဂါပိုးတွေ့ရှိမှု ဖြစ်စဉ်များ ရှိပါသည်။

တုပ်ကွေးရောဂါလက္ခဏာဖြစ်ပွားပါက-

(၁) နှာချေ၊ ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ခြင်း၊

(၂) ရောဂါမကူးစက်စေရန် နှာခေါင်းနှင့် ပါးစပ်ကို လုံအောင် ဖုံးအုပ်သည့် ပါးစပ်နှာခေါင်းစည်း တပ်ဆင်ခြင်း၊

(၃) လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောခြင်း၊

(၄) လူထူထပ်သော နေရာနှင့် ပွဲလမ်းသဘင်များသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၅) နေအိမ်တွင် အနားယူ၍ စနစ်တကျ ပြုစုကုသမှုခံယူခြင်းတို့ကို ပြုလုပ်ရပါမည်။

အဖျားကြီးလွန်းခြင်း၊ ချောင်းအလွန်ဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ သတိ လစ်ခြင်းစသည့် ရောဂါပြင်းထန်သောလက္ခဏာများ တွေ့ရှိပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်၍ ကုသမှုခံယူရပါမည်။ **ကျန်းမာရေးဝန်ကြီးဌာန**

ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း မြို့တော်ဘိလပ်မြေစက်ရုံ(ပျဉ်ညောင်) တည်ဆောက်ပြီးစီးမှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ဖေဖော်ဝါရီ ၂၇ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း သာစည်မြို့နယ် ပျဉ်ညောင်ကျေးရွာအနီးရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိသော တစ်ရက် တန် ၅၀၀ ကျ မြို့တော် ဘိလပ်မြေစက်ရုံ (ပျဉ်ညောင်) တည်ဆောက်ပြီးစီးမှု၊ စက်များ တပ်ဆင်ပြီးစီးမှုနှင့် စမ်းသပ်လည်ပတ်နေမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မြို့တော်ဘိလပ်မြေစက်ရုံ (ပျဉ်ညောင်)ကို မကြာမီဖွင့်လှစ်ရန် စီစဉ်လျက်ရှိ ပြီး ဘိလပ်မြေ ကုန်ချောများ ထွက်ရှိလာပါက ရန်ကုန်မြို့ရှိ လမ်းများ အဆင့်မြှင့်တင်ရေး၊ ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်သည်။

ချောမွေ့ရေး

ရန်ကုန်မြို့တော်ဝန်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းအား ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် ကွန်ကရစ်လမ်းချော ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၁၁ရက်က လှိုင်မြို့နယ် အမက(၁၃) လှိုင်တွင် ၂၀၀၉-၂၀၁၀ ပညာ သင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ သူငယ်တန်းမှ ပထမဆုရရှိသော မငြိမ်းသဇင်ဝိုင်းအား ဆရာမကြီး ဒေါ်စိုးစိုးမြင့်က ဆုပေးအပ်ချီးမြှင့်စဉ်။ (ပညာရေး)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁-၃-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀	၂။ နံနက်ခင်းသတင်း
၇း၄၀	၃။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၇း၅၀	၄။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈း၀၅	၅။ အတီးပြိုင်ပွဲ
၈း၂၅	၆။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀	၇။ International News
၈း၄၅	၈။ တေးဂီတအစီအစဉ်
၉း၀၀	၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၀၅	၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၁၅	၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၄း၂၅	၄။ မြန်မာစာ၊ မြန်မာစကား
၄း၄၀	၅။ အကပဒေသာ
၄း၅၀	၆။ အဆိုပြိုင်ပွဲ
၄း၅၅	၇။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၅း၀၅	၈။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (စီးပွားစီမံအထူးပြု) (စီးပွားရေးပညာ)
၅း၁၅	၉။ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးတေးများ
၅း၂၀	၁၀။ တေးဂီတအစီအစဉ်
၅း၃၀	၁၁။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅း၄၀	၁၂။ ရုပါတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀	၁၃။ ညနေခင်းသတင်း
၆း၁၅	၁၄။ မိုးလေဝသအခြေအနေ
၆း၂၀	၁၅။ ဆိုကြမယ် ပျော်ကြမယ်
၇း၀၀	၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက** (အပိုင်း-၁)
၈း၀၀	၁၇။ ပြည်တွင်းသတင်း
	၁၈။ နိုင်ငံတကာသတင်းများ
	၁၉။ မိုးလေဝသအခြေအနေ
	၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသော ချစ်နှင်းဆီ** (အပိုင်း-၂၉)
	၂၁။ **သုခုမရင်ပြင်**
	၂၂။ အစီအစဉ်ပြီး၏။

အမှတ်(၂)စက်မှုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း

ကျိုက်ထိုမြို့နယ်၌ ရော်ဘာခြံလုပ်သားများနှင့်တွေ့ဆုံ အရည်အသွေးကောင်းရော်ဘာများ ပိုမိုတိုးတက်ထုတ်လုပ်ရေးမှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၈

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၇ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်သို့ ရောက်ရှိပြီး အမှတ်(၂) စက်မှုဝန်ကြီးဌာနပိုင် ရော်ဘာခြံများကို ကြည့်ရှုစစ်ဆေး၍ ရော်ဘာခြံလုပ်သားများနှင့် တွေ့ဆုံကာ အရည်အသွေးကောင်းမွန်သည့် ရော်ဘာများ ပိုမိုတိုးထုတ်လုပ်နိုင်ရေးကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် အမှတ်(၂) တာယာထုတ်လုပ်မှုစက်ရုံ(ဘီးလင်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ စမ်းသပ်ထုတ်လုပ်ဆဲ တာယာများကို ထုတ်လုပ်ပြီးက အရည်အသွေးသတ်မှတ်ထားသည့်အတိုင်း ထုတ်လုပ်ရန်၊ ရေဒီယယ်တာယာများကို ဆက်တိုက် ထုတ်လုပ်ရန်နှင့် ဈေးကွက်လိုအပ်ချက်ကို သုံးသပ်ရန်မှာကြားပြီး သုတေသနလုပ်ငန်းဆောင်ရွက်မည့် စက်ပစ္စည်းကိရိယာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း အမှတ်(၂) တာယာထုတ်လုပ်မှုစက်ရုံ (ဘီးလင်း)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

မက္ခရာရွှေစည်းခုံ

ဥဇနာမင်းကြီး တည်ထားတော်မူသည့် မက္ခရာရွှေစည်းခုံစေတီတော်ကြီးသည် အုံချီးဖွယ်စုံ ဗိသုကာလက်ရာအစုံဖြင့် သူ့ခေတ်သူ့အခါအလျောက် ထင်ရှားကျော်ကြားခဲ့ပေလိမ့်မည်။ ဖိနပ်တော်အလျား ၁၆၈ပေ၊ ဉာဏ်တော်အမြင့် ၁၄၄ပေ၊ ပစ္စယာ အဆင့်ဆင့်တွင် ၅၅၀ နိပါတ်တော် စဥ့်ကွင်းရုပ်ကြွများဖြင့် အနုပညာလက်ရာ မြောက်စွာ တင့်တယ်တော် မူခဲ့ပေလိမ့်မည်။ ခေတ်အဆက်ဆက် သဘာဝဘေးဒဏ်နှင့် ပြုပြင်ထိန်းသိမ်းမှု အားနည်းခြင်းတို့ကြောင့် စေတီတော်ကြီးသည် ဖိနပ်တော်ထိ ပြိုပျက်သွားခဲ့သည်။ အပြိုအပျက်များကြားတွင် စဥ့်ကွင်းရုပ်ကြွအုတ်ချပ်များကို မြင်တွေ့ရသည်။ အလားတူပင် ပင်းယ၊ မြင်စိုင်းပတ်ဝန်းကျင်ရှိ ရှေးဟောင်းစေတီ အများစုမှာ ဆူးချုံများဖိုင်းရံလျက် ပြုပြင်ရန် များစွာလိုအပ်နေကြောင်း တွေ့ရပေသည်။

၂၀၀၃ခုနှစ်တွင် ကျောက်ဆည် မဟာဂန္ဓာရုံဆရာတော် အရှင်ကုသလာဘိဝံသသည် မက္ခရာရွှေစည်းခုံစေတီတော်ကြီးနှင့်တကွ ရှေးဟောင်းဘုရားများကို မြင်တွေ့သွားပြီးနောက် နိုင်ငံတော်၏ ယဉ်ကျေးမှု အမွေအနှစ်များကို ကူညီပြုပြင် ထိန်းသိမ်းရန် ဆန္ဒဖြစ်ပေါ်လာသည်။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ တာဝန်ရှိသူများထံ တင်ပြ အကူအညီတောင်းခံ၍ လည်းကောင်း၊ မြို့နယ်သံဃနာယက ဆရာတော်ကြီးများထံ ဩဝါဒခံယူ၍ လည်းကောင်း ဘက်စုံပြုပြင်မွမ်းမံမှု လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်တော်မူခဲ့ပါသည်။

၂၀၀၅ခုနှစ်တွင် ပြုပြင်ပြီး မက္ခရာရွှေဂူကြီးဘုရား ထီးတော်တင်လှူရန် အကြိုတရားပွဲများ ကျင်းပရာ စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ (D.Litt, Ph.D) ကြွရောက် တရားဟောတော်မူခဲ့၏။ သီတဂူဆရာတော်ကြီးသည် မက္ခရာရှေးဟောင်းဘုရားများကို လှည့်လည်ဖူးမြော် ကြည်ညိုပြီးနောက် မက္ခရာရွှေစည်းခုံစေတီတော်ကြီးကို ရှေးမူမပျက် ပြန်လည်တည်ဆောက်နိုင်ရန် ကူညီပံ့ပိုးပေးခဲ့ပါသည်။ စေတီတော်ကြီး အမြန်ပြီးစီးရန် စဥ့်ကိုင်တစ်နယ်လုံး၊ ကျောက်ဆည်တစ်ခရိုင်လုံး၊ မန္တလေးတစ်တိုင်းလုံးမှ ငွေအား၊ လူအားဖြင့် ပါဝင်ကုသိုလ် ပြုခဲ့ကြပါသည်။ ရန်ကုန်မြို့ ခင်မောင်အေး ဆောက်လုပ်ရေးကုမ္ပဏီက တစ်ဦးတည်း ငွေကျပ် သိန်းတစ်ထောင်ကျော် လှူဒါန်းခဲ့သည်လည်း ရှိပါသည်။ မက္ခရာရွှေစည်းခုံစေတီတော်ကြီးနှင့်အတူ ရှေးဟောင်းဘုရားပုထိုး၊ စေတီပေါင်း ၇၄ဆူ ပြုပြင်မွမ်းမံ တည်ဆောက်ခဲ့ပြီး ဖြစ်ပါသည်။

ဗုဒ္ဓါဘိသေကမင်္ဂလာ

စေတီတော်ကြီးကို ၂၀၀၆ခုနှစ်မှစ၍ တဖြည်းဖြည်း ပြုပြင်မွမ်းမံတည်ဆောက်ခဲ့ရာ ၂၀၁၀ခုနှစ် ဇန်နဝါရီလတွင် ပြီးစီးပါသည်။ ဇန်နဝါရီလ ၂၉ရက်နေ့တွင် မက္ခရာရွှေစည်းခုံစေတီတော်ကြီး၏ ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနားကို ကျင်းပပါသည်။ ဆရာတော် သံဃာတော် အရှင်သူမြတ်များနှင့်တကွ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြပါသည်။ လှေ၊ လှည်း၊ စက်ဘီး၊ ထော်လာဂျီ၊ မော်တော်ယာဉ်မျိုးစုံဖြင့် ရပ်နီးရပ်ဝေးမှ လာရောက်ကြသည့် ဘုရားဖူးပရိသတ်ကြီးမှာ ကြက်ပျံမကျ စည်ကားလှပါသည်။

ဒေသခံပြည်သူတို့သည် ကြုံတောင့်ကြုံခဲ ရှေးဟောင်းဘုရားထီးတင်ပွဲတွင် ပျော်လည်းပျော်ကြ၏။ ဘုရားဖူးရင်း ကုသိုလ်လည်းယူကြ၏။ ဘိုးဘွားအမွေများ ကြာရှည်လေးမြင့် တန်ဖိုးတင့်လာစေသည့်အတွက် ဂုဏ်လည်းယူကြ၏။ ပွဲလမ်းသဘင်မပါသော်လည်း အမျိုးဘာသာ သာသနာကို စွဲလမ်းခင်တွယ်စွာ လာရောက်အားပေး ကြည်ညိုကြသော များပြားလှသည့် ဧည့်ပရိသတ်ကြီးသည် မြန်မာ့စိတ်ရင်းနှင့် မြန်မာ့ရှုခင်းကို ညွှန်းဆိုဖော်ပြနေသယောင် ရှိလေသည်။

ထိန်းသိမ်းကြစို့ ဘိုးဘွားအမွေ

မြန်မာလူမျိုးတို့သည် မိမိရေမြေပေါ်တွင် မိမိကိုယ်ပိုင်အင်အားဖြင့် အစဉ်အဆက် ခိုင်မာစွာ ရပ်တည်နေနိုင်သော လူမျိုးဖြစ်သည်။ ပုဂံနိုင်ငံတော်ကြီး ဝါးအစည်းပြေသွားသော်လည်း မြန်မာ့အချုပ်အခြာအာဏာသည် ပုဂံသို့လာရောက်တိုက်ခိုက်သည့် တိုင်းခြား တာတာတို့လက်ထဲ ကျရောက်မသွားချေ။ ပင်းယတွင် ကိုယ့်ထီး ကိုယ့်နန်းဖြင့် ဆက်လက်စံမြန်းကာ ကိုယ့်အချုပ်အခြာအာဏာကို ကိုယ်သာပိုင်စိုးနိုင်ခဲ့ကြသည်။

ပုဂံမှာကဲ့သို့ပင် ပင်းယတစ်ခွင် စေတီတန်ဆောင်း ဆည်မြောင်း ချောင်းကန်တို့ဖြင့် စည်ပင်ဝပြောခဲ့၏။ ပင်းယခေတ် မြင်စိုင်းရွှေပြည်ကြီး သာယာလှပပုံ၊ ရဲရင့်တောက်ပြောင်ပုံများကို ထိုခေတ်စာပေ (တျာချင်း၊ ကာချင်း)များတွင် ဖတ်ရှုမြင်တွေ့နိုင်ပေသည်။ မက္ခရာရွှေစည်းခုံစေတီတော်ကြီးသည် ရာဇဝင်သမိုင်းကျမ်းများ၏ စာမျက်နှာထဲမှာသာမက လက်ရှိ မျက်မြင်ပြယုဂ်တစ်ခုအဖြစ် မြန်မာလူမျိုးတို့၏ သမိုင်းနှင့် ယဉ်ကျေးမှု အဆင့်အတန်းကို ညွှန်းဆိုဖော်ပြလျက် ရှိလေသည်။

အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု နယ်မြေများသည် မြန်မာလူမျိုးတို့၏ အမျိုးသားရေးဇာတိမာန်ကို နိုးထရှင်သန်စေခဲ့ပြီ။ ဤသို့ ဂုဏ်ယူဖွယ် အတိတ်သမိုင်းများနှင့် မြတ်နိုးဖွယ် ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်ခဲ့ကြသည့် ရဟန်းရှင်လူ ပြည်သူများ၏ စေတနာ၊ သဒ္ဓါ၊ ဝီရိယစွမ်းအားနှင့် အမျိုးဘာသာ သာသနာ ချစ်မြတ်နိုးစိတ်ကို ၂၀၁၀ မင်္ဂလာနှစ်တွင် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။ ။

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

အထက (၅) တာမွေ မြတ်ဆရာပူဇော်ပွဲ

အထက(၅) တာမွေ ကျောင်းသားဟောင်းများ၏ (၁၁)ကြိမ်မြောက် မြတ်ဆရာ ပူဇော်ပွဲကို ဧပြီ ၃ရက် (စနေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ပြီး ကျောင်းသားဟောင်းများ တက်ရောက်ရန်နှင့် ဖုန်း-၅၅၄၆၅၈နှင့် ၀၉-၅၁-၄၇၁၉၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

မူးယစ်ဆန့်ကျင်ရေးအသင်း နှစ်ပတ်လည်စည်းဝေးမည်

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း၏ (၁၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို မတ် ၁၉ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းရုံးချုပ်၌ ကျင်းပမည်ဖြစ်သည်။

ပန်းဝါသနာရှင်အသင်း ပန်းပြပွဲခင်းကျင်း

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း၏ (၁၆)နှစ်ပြည့် အထိမ်းအမှတ်ပန်းပြပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းနှင့် တော်ဝင်လမ်းထောင့်ရှိ မင်းဓမ္မပန်းကွင်း၌ မတ် ၁၇ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ ပြည်တွင်းပြည်ပ သစ်ခွအမျိုးမျိုး၊ ရွက်လှပန်း၊ ရာသီပန်း၊ သီးပင်စားပင်များ၊ စိုက်ပျိုးရေးသုံး ကိရိယာများ၊ မျိုးစေ့နှင့် ပျိုးပင်များကို အထူးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

သူနာပြုနှင့်သားဖွားအသင်း စုံညီစည်းဝေးမည်

မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်း ၂၀၁၀ခုနှစ် စုံညီအစည်းအဝေးကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ရန်ကုန်သူနာပြုတက္ကသိုလ်(ပင်မ) ခန်းမဆောင်ကြီး၌ မတ် ၁၂ရက်နှင့် ၁၃ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက ဖုန်း-၃၈၈၆၃၁နှင့် ၀၉-၅၀-၉၄၅၇၇၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

စက်မှုကုန်ထုတ်လုပ်သူများ နှစ်ပတ်လည်စည်းဝေးမည်

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၏ (၁၆)ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးကို မတ် ၆ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်၂၉ရှိ UMFCCI Office Tower မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ပုသိမ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ

ပုသိမ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် ၂၁/၄၃(စီ)ရှိ ဧရာဝတီတိုင်းဓမ္မာရုံ၌ မတ် ၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

အင်ဂျင်နီယာဘွဲ့ရ ကျောင်းသားဟောင်းများ တွေ့ဆုံမည်

ရန်ကုန်စက်မှုတက္ကသိုလ်မှ ၁၉၈၇ ခုနှစ်တွင် ဘာသာရပ်အသီးသီး၌ ဘွဲ့ရရှိခဲ့ကြသော အင်ဂျင်နီယာ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၆)ကြိမ်မြောက် မိတ်ဆုံစားပွဲကို မတ် ၂ရက် (အင်္ဂါနေ့) ညနေ ၆နာရီတွင် ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ရန် ဖိတ်ကြားထားသည်။

အခြေခံကြက်တောင်ရိုက်နည်း သင်တန်းဖွင့်မည်

မြို့မကျောင်းသား ကျောင်းသူဟောင်းများအသင်းက ဦးစီး၍ အခြေခံကြက်တောင်ရိုက်နည်းသင်တန်းကို မတ် ၃ရက် (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် စံကားဝါလမ်း အမှတ် ၆၈၌ ဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်လိုသူများ ဖုန်း-၀၁-၂၅၀၁၅၃သို့ ဆက်သွယ်နိုင်သည်။

ကရဝိက်ဥယျာဉ်ကမ္ဘာ၌ အငြိမ့်ဖျော်ဖြေမည်

ရန်ကုန်မြို့ ကရဝိက်ဥယျာဉ်ကမ္ဘာ(Mini Zoo Stage)၌ တောင်သူလယ်သမားနေ့ ဖျော်ဖြေပွဲအဖြစ် မတ် ၂ရက် (အင်္ဂါနေ့) ညနေ ၆နာရီတွင် လူရွှင်တော် ခင်လှိုင်ဦးဆောင်၍ အငြိမ့်ကပွဲဖြင့် အခမဲ့ ဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်း မပြုစေရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

* *ရှေ့ဖုံးမှ*

ဖွင့်လှစ်နိုင်

ကချင်ပြည်နယ်အတွင်း ပေ ၁၈၀ အထက်တံတားအစင်း ၂၀ရှိရာ ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာအနီးက ဒွန်ဘန်တံတားသည်လည်း တစ်စင်းအပါအဝင်ဖြစ်သည်။ မြစ်ကြီးနား - နမ္မတီး- တနိုင်းလမ်းပေါ်ရှိ ဒွန်ဘန်တံတားသည် ၂၁၆ပေ ရှည်လျားပြီး သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။ ဒွန်ဘန်တံတားကို ၂၀၀၅ခုနှစ် မေ ၂၉ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၇ခုနှစ် ဇူလိုင် ၁၈ရက်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။

ဒွန်ဘန်ကျေးရွာအနီး ဒွန်ဘန်တံတားနှင့် မလှမ်းမကမ်း၌ တောင်တန်းကြီးကို နောက်ခံပြု၍ တည်ဆောက်ထားသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း တည်ရှိလေသည်။

ဂုဏ်တက်စရာ

ဒွန်ဘန် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသည် ဒေသခံတိုင်းရင်းသူများ၏ အနာဂတ်ဘဝ သာယာလှပစေရေးအတွက် အိမ်တွင်းမှုပညာရပ်များဖြစ်သော အခြေခံစက်ချုပ်၊ အဆင့်မြင့်စက်ချုပ်နှင့် သိုးမွေးစက်ဆွဲဘာသာရပ်များကို သင်ကြားပေးရန် ဖွင့်လှစ်ထားခြင်း ဖြစ်သည်။ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းကို ဒွန်ဘန်ကျေးရွာအနီး၌ တည်ဆောက်ရန် ရွေးချယ်ခဲ့ခြင်းမှာ ဘူမိနက်သန် နေရာမှန်ဖြစ်သကဲ့သို့ ဒွန်ဘန်ကျေးရွာလေး အတွက်လည်း ဂုဏ်တက်စရာ ဖြစ်ခဲ့လေသည်။

ဒွန်ဘန် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းသို့ သွားရောက်လေ့လာခဲ့စဉ် ဒွန်ဘန်ကျေးရွာကလေးမှ ဘူဂါးစားသောက်ဆိုင်တွင် နေ့လယ်စာ စားဖြစ်ခဲ့သည်ကို မမေ့နိုင်အောင်ရှိလှသည်။ ခေတ္တကျောင်းအုပ် ဒေါ်ခင်စန်းဝင်းနှင့် သင်တန်းနည်းပြ ဒေါ်ဝေဝေအောင်တို့၏ စေတနာကို မငြင်းပယ်ရက်၍ စားဖြစ်ခဲ့သော်လည်း အားတုံ့အားနာ ဖြစ်မိခဲ့သည်။ ဒွန်ဘန်ရွာမှ ဘူဂါး

ဒွန်ဘန် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းမှ တိုင်းရင်းသူလေးများ ပြုလုပ်ထားသော အိမ်တွင်းမှု ပန်းအလှလက်ရာများကို တွေ့ရစဉ်။ (သတင်းစဉ်)

စားသောက်ဆိုင်ကလေးသည် ကျယ်ဝန်းသန့်ပြန့်ပြီး ဟင်းချက်လက်ရာကောင်းသဖြင့် မြစ်ကြီးနား-နမ္မတီး-တနိုင်းလမ်းပိုင်း၌ ပြေးဆွဲသည့် လိုင်းကားများ ရပ်နားကြသည့် ဆိုင်ကလေးပင် ဖြစ်သည်။

တက်ရောက်သင်ကြား

ဒွန်ဘန် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတွင် ဖားကန့်မြို့နယ်၊ မိုးကောင်းမြို့နယ်၊ တနိုင်းမြို့နယ်နှင့် မြစ်ကြီးနားမြို့နယ်တို့မှ တိုင်းရင်းသူလေးများ အိမ်တွင်းမှုဘာသာရပ်များကို တက်ရောက်သင်ကြားလျက်ရှိကြသည်။ သင်တန်းဖွင့်ပွဲနှင့် သင်တန်းဆင်းပွဲရှိသော ရက်များတွင် ဒွန်ဘန်ကျေးရွာကလေး၏ ကောင်းကင်ယံတွင် တေးသံသာများ ပျံ့လွင့်လျက်ရှိလေသည်။ သင်တန်းဖွင့်ပွဲနေ့တွင် အားလုံး အပြုံးကိုယ်စီဖြင့် ပျော်ရွှင်ခဲ့ကြရသလောက် သင်တန်းဆင်းပွဲနေ့တွင် ဝမ်းနည်းမှု ကိုယ်စီဖြင့် မရွှင်ပျနိုင်အောင်ရှိကြသည်။ သင်တန်းကာလမှာ ဘာသာရပ်တိုင်းအတွက် ရက်သတ္တ (၁၄)ပတ်စီဖြစ်၍ သံယောဇဉ်ဖြစ်ကြမည်မှာ ဓမ္မတာပင်။

သင်တန်းနည်းပြ ဒေါ်ဝေဝေအောင်က "သင်တန်းသူတွေက သင်တန်းကျောင်းမှာ ပျော်နေတာဆိုတော့ သင်တန်းပြီးဆုံးလို့ အိမ်ပြန်ရတဲ့အခါ ဝမ်းသာဝမ်းနည်း ဖြစ်နေကြတယ်။ ဆရာမတွေကတော့ သူတို့လေးတွေ ပြန်သွားတဲ့အခါ ရင်ထဲမှာ ဟာတာတာကြီး လွမ်းကျန်ခဲ့ကြတာပေါ့။ သင်တန်းသူ အသစ်တွေရောက်လာပြီး သူတို့လေးတွေရဲ့ စိတ်ပါဝင်စားမှုကို တွေ့ရပြန်တော့လဲ လွမ်းတာတွေ ပျောက်ပြီး ပုံမှန်ပြန်ဖြစ်သွားတာပါပဲ။ သင်တန်းဆင်းသွားတဲ့သူတွေ သူတို့ရပ်ရွာမှာ စက်ချုပ်ပညာရပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုနိုင်ပြီဆိုတဲ့ သတင်းကြားရရင် သင်ခန်းစာပို့ချရတာ မောလို့ မောမှန်းမသိဘဲ ဝမ်းသာအားတက်ကြရတယ်"ဟု ပြောကြားသည်ကို အမှတ်ထင်ထင် ရှိနေဆဲဖြစ်သည်။

စည်ကား

မိုးကောင်းမြို့နယ်မှ နမ္မတီးကျေးရွာသည်လည်း မြို့ပြနှင့်မခြား ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ အချို့က နမ္မတီးမြို့ဟုပင် သုံးနှုန်း ပြောဆိုလေ့ရှိကြသည်။ နမ္မတီးကျေးရွာသည် မြစ်ကြီးနား-မိုးကောင်းလမ်းနှင့် မြစ်ကြီးနား-တနိုင်းလမ်းဆုံ၌ တည်ရှိသောကြောင့် ကားလမ်းဆုံတွင် စားသောက်ဆိုင်များ၊ ဈေးဆိုင်တန်းများဖြင့် စည်ကားလှပြီး လိုင်းကားများ ရပ်နားကြသော နေရာတစ်ခုဖြစ်သည်။ အောက်ပြည်အောက်ရွာမှ တနိုင်းမြို့နယ်အတွင်းရှိ မော်များ၌ အလုပ်လုပ်ရန် လာရောက်ကြသူများသည် နမ္မတီးဘူတာတွင် ဆင်း၍ ကားပြောင်းစီးကြလေ့ရှိသဖြင့် ပို၍စည်ကားခြင်းလည်း ဖြစ်သည်။

နမ္မတီးကျေးရွာသို့ ရောက်ရှိစဉ် နမ္မတီးကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအောင်မြင့်၏ ခေါ်ဆောင်မှုဖြင့် နမ္မတီး အခြေခံပညာ အထက်တန်းကျောင်း၊ နမ္မတီးတိုက်နယ်ဆေးရုံ၊ နမ္မတီး အော်တို တယ်လီဖုန်းအိတ်ချိန်းနှင့် နမ္မတီးဘူတာတို့ကို လှည့်လည်ကြည့်ရှုလေ့လာဖြစ်ခဲ့သည်။

စိတ်တိုင်းကျတည်ဆောက်

နမ္မတီး အခြေခံပညာအထက်တန်းကျောင်းတွင် ဒေသခံ အလှူရှင်တစ်ဦး၏ လှူဒါန်းမှုဖြင့် နှစ်ထပ်ကျောင်းဆောင်သစ်ကြီးကို တည်ဆောက်လျက်ရှိရာ အားရကျေနပ်စရာ ကောင်းလှသည်။ ကျောင်းဆောင်သစ်အလှူရှင် ဦးရီးဟိုင်းမှာ နမ္မတီးမြို့မရပ်ကွက်မှဖြစ်ပြီး ဖားကန့်၌ အလုပ်သွားရောက်လုပ်ကိုင်နေ၍ မတွေ့ခဲ့ရချေ။ အလှူရှင်၏ဖခင်ကိုယ်တိုင်ဦးစီး၍ ကျောင်းဆောင်သစ်ကြီးကို စိတ်တိုင်းကျတည်ဆောက်လျက်ရှိရာ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီတွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

နမ္မတီး အခြေခံပညာအထက်တန်းကျောင်း၌ ဒေသခံအလှူရှင် ဦးရီးဟိုင်း၏ လှူဒါန်းမှုဖြင့် ဆောက်လုပ်လျက်ရှိသော နှစ်ထပ်ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

အဆိုပါ နှစ်ထပ်ကျောင်းဆောင်သစ်ကြီးကို ၂၀၀၉ခုနှစ် စက်တင်ဘာ ၂၃ရက်တွင် စတင်တည်ဆောက်ခြင်းဖြစ်ပြီး အလျားပေ ၁၅၀၊ အနံ ၃၆ပေ၊ အမြင့် ၂၄ပေ၊ အုတ်ညှပ်နံကပ် အမျိုးအစားဖြစ်သည်။

ဂုဏ်ယူဝမ်းသာမိ

နမ္မတီး အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြဒေါင်းက "အခုလို စာသင်ဆောင်သစ်ကြီးကို ကျေးရွာအလှူရှင်က တာဝန်ယူအကုန်အကျခံ တည်ဆောက်ပေးတဲ့အတွက် ဂုဏ်ယူဝမ်းသာမိတယ်။ အခုလို ကျေးရွာအပေါ် သိတတ်ပြီး လှူဒါန်းပေးတဲ့အတွက် ကျေးဇူးအများကြီးတင်တယ်။ ကျောင်းဆောင်သစ်ကြီးကိုမြင်ရတော့ ကျောင်းသား ကျောင်းသူတွေလဲ စိတ်အားတက်ပျော်ရွှင်ကြတယ်။ ကျောင်းဆောင်သစ်ကြီးရဲ့ အပေါ်ထပ်ကို စုဝေးခန်းမလုပ်ဖို့ ရည်ရွယ်ထားတယ်"ဟု ပြောကြားသည်။ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြဒေါင်းသည်လည်း နမ္မတီးကျေးရွာ၌ပင် မွေးဖွားကြီးပြင်းခဲ့သူဖြစ်ကြောင်း သိရသည်။

နမ္မတီး အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၇၈၉ဦး တက်ရောက်လျက်ရှိပြီး ဆရာ ဆရာမအင်အား ၈၄ဦးဖြင့် သင်ကြားပေးလျက်ရှိသည်။ ၂၀၀၉ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်ချက်ရာခိုင်နှုန်းမှာ ၃၄ဒသမ ၃၉ ဖြစ်ပြီး ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး ပေါ်ထွက်ခဲ့သည်။

ကျောင်းဆောင်သစ် အလှူရှင် ဦးရီးဟိုင်းသည် နမ္မတီး အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးရှင်ပေါ်ထွက်ပါက တစ်ဦးလျှင် ငွေကျပ်သိန်း ၅၀၊ ငါးဘာသာဂုဏ်ထူးရှင်ပေါ်ထွက်ပါက တစ်ဦးလျှင် ငွေကျပ် ၁၀သိန်းစီ ချီးမြှင့်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

စောင့်ရှောက်မှုပေး

နမ္မတီးကျေးရွာတွင် အိမ်ခြေ ၂၃၄၈အိမ်၊ အိမ်ထောင်စုပေါင်း ၂၅၆၇စု၊ လူဦးရေစုစုပေါင်း ၁၆၀၅၉ဦး ၂၀၁၀ ခုနှစ် ဇန်နဝါရီအထိ နေထိုင်ကြသည်။ နမ္မတီးကျေးရွာတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာန တစ်ခု၊ အခြေခံပညာ အထက်တန်းကျောင်း တစ်ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း နှစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ရှစ်ကျောင်း၊ နေ့ကလေးထိန်း တစ်ကျောင်းတို့ကိုဖွင့်လှစ်၍ ကျန်းမာရေး၊ ပညာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။

နမ္မတီး တိုက်နယ်ဆေးရုံ

နမ္မတီး တိုက်နယ် ဆေးရုံကို သစ်ပင်များ အုပ်ဆိုင်းလျက် တွေ့ရစဉ်။ (သတင်းစဉ်)

တိုးတက်လာ

မြစ်ကြီးနားနှင့် နမ္မတီး မိုင် ၃၀၊ တနိုင်းနှင့်နမ္မတီး မိုင်၉၀၊ မိုးကောင်းနှင့် နမ္မတီး ကိုးမိုင်သာ ကွာဝေး၍ အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်သည်။ မိုးကောင်းနှင့် နမ္မတီး၊ မြစ်ကြီးနားနှင့်နမ္မတီးတို့ကို ကားလမ်းသာမက ရထားဖြင့်ပါ ဆက်သွယ်သွားလာနိုင်၍ ခရီးသည်နှင့် ကုန်စည်ကူးသန်းမှု အဆင်ပြေလွယ်ကူပြီး မြို့ပြနှင့်မခြား ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်သည်။

မြစ်ကြီးနားနှင့် နမ္မတီး မို... နှင့် နမ္မတီး မိုင် ၉၀၊ မိုးကော... ကိုးမိုင်သာ ကွာဝေး၍ အ... ဆက်သွယ်သွားလာနိုင်။ မိုး... တီး၊ မြစ်ကြီးနားနှင့် နမ္မတီးတ... သာမက ရထားဖြင့်ပါ ဆက်... နိုင်၍ ခရီးသည်နှင့် ကုန်စ... အဆင်ပြေ လွယ်ကူပြီး ... ဖွံ့ဖြိုးတိုးတက်လာ။

မြစ်ကြီးနားမြို့မှ ကားဖြင့်လာပါက နမ္မတီး ကားလမ်းဆုံသည့်နေရာတွင် ဝဲဘက်၌ နမ္မတီးကျေးရွာ၊ ယာဘက်၌ လမ်းခွကျေးရွာကို တွေ့မြင်ရမည်ဖြစ်သည်။ နမ္မတီးကို သကြားစက်ဝင်း အပါအဝင် ရပ်ကွက် ၁၃ခုဖြင့် ဖွဲ့စည်းထားသည်။ ယခင်က နမ္မတီး

နမ္မတီးဘူတာ၌ ကျေးရွာဥက္ကဋ္ဌ၊ နမ္မတီးဘူတာ ရုံပိုင်ချုပ်နှင့် စာရေးသူတို့ ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု အခြေအနေများနှင့်စပ်လျဉ်း၍ စကားလက်ဆုံကျခဲ့ကြစဉ်။ (သတင်းစဉ်)

မြောက်ပိုင်းစွန်းဒေသများ မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

<u>ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်မှာ ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

<u>မတ်လ ၁ရက်ညနေအထိ ခန့်မှန်းချက်မှာ</u> ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

<u>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ</u> မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

<u>နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်</u> ယနေ့ အများအားဖြင့် သာယာမည်။

<u>ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်</u> ယနေ့ အများအားဖြင့် သာယာမည်။

<u>မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်</u> ယနေ့ အများအားဖြင့် သာယာမည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၃-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**ဆရာတော် ဘဒ္ဒန္တနာရဒ** ဟောကြားတော်မူသော တရားတော်
၆:၅၀	ကပ်လှူပူဇော် ကုသိုလ်ယူမယ် ဆံတော်ရှင် ကျိုက်သုတ် စေတီတော်ဝယ်
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃၆)
၈:၃၀	Premier League Highlight
၈:၅၅	Activities in the City [တွံတေးမြို့နယ် အထက (ကံဘဲ့) မြတ်ဆရာပူဇော်ပွဲ]
၉:၀၅	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၉:၁၀	နွယ်မြက်သစ်ပင် ဆေးဖက်ဝင် **ထူး** တိုင်းရင်းဆေးလည်း ပါဝင်
၉:၂၀	ယုဇနဘက်စုံစိုက်ပျိုးရေးစီမံကိန်း စက်မှုကုန်ကြမ်းသီးနှံစိုက်ပျိုးရေး (ပီလောပီနံ)
၉:၃၀	Global Panorama
၁၀:၁၅	စိမ့်နေခြည်၏ ခေတ်သစ်မွေးဌာနီ
၁၀:၃၀	Activities in the City (စာရေးဆရာ အတ္တကျော်၏ စာအုပ်မိတ်ဆက်ပွဲ)
၁၀:၅၀	မြန်မာ့ **အိုး**
၁၁:၀၀	တိုးတက်မှုအစုံစုံ စစ်ကိုင်းမြို့ရဲ့ မြင်ကွင်းအဖုံဖုံ
၁၁:၁၅	International Show Biz
၁၁:၃၅	ဖန်တီးသူ၏ ပညာစွမ်းမှသည် လှပသော ဘဝများဆီသို့
၁၂:၀၀	နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (နွေးထွေးတဲ့မိသားစုအတွက် သံလွင်လမ်းက High View Villa)
၁၂:၂၀	တိရစ္ဆာန်လေးတွေမွေးကြမယ် (Golden Sun Aquarium & Pet Shop)
၁၂:၃၀	စာအုပ်ပြခန်း (လောကစံကို စိန်ခေါ်၍ ရင်ဆိုင်ခဲ့သည့် ကျွန်တော် စာအုပ် ရေးသားသူ ကေသီပန်ဦးလှမြင့်နှင့် တွေ့ဆုံခြင်း)
၁၂:၅၀	ကပ်လှူပူဇော် ကုသိုလ်ယူမယ် ဆံတော်ရှင် ကျိုက်သုတ် စေတီတော်ဝယ်

လူဦးရေစုစုပေါင်း ၁၆၀၅၉ဦး ၂၀၁၀ ခုနှစ် ဇန်နဝါရီအထိ နေထိုင်ကြသည်။ နမ္မတီးကျေးရွာတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာန တစ်ခု၊ အခြေခံပညာ အထက်တန်းကျောင်း တစ်ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း နှစ်ကျောင်း၊ အခြေခံပညာမူလတန်း ကျောင်း ရှစ်ကျောင်း၊ နေ့ကလေးထိန်း တစ်ကျောင်းတို့ကိုဖွင့်လှစ်၍ ကျန်းမာရေး၊ ပညာရေးစောင့်ရှောက်မှု ပေးလျက်ရှိ သည်။

တိုးတက်လာ

မြစ်ကြီးနားနှင့် နမ္မတီး မိုင် ၃၀၊ တနိုင်းနှင့်နမ္မတီး မိုင်၉၀၊ မိုးကောင်း နှင့် နမ္မတီး ကိုးမိုင်သာ ကွာဝေး၍ အချိန်တိုအတွင်း ဆက်သွယ်သွားလာ နိုင်သည်။ မိုးကောင်းနှင့် နမ္မတီး၊ မြစ်ကြီးနားနှင့်နမ္မတီးတို့ကို ကားလမ်း သာမက ရထားဖြင့်ပါ ဆက်သွယ်သွား လာနိုင်၍ ခရီးသည်နှင့် ကုန်စည် ကူးသန်းမှု အဆင်ပြေလွယ်ကူပြီး မြို့ပြ နှင့်မခြား ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ် သည်။

သကြားစက်သည် သကြားထုတ်လုပ် နိုင်မှု များပြားပြီး နာမည်ကျော် သကြားစက်ဖြစ်ခဲ့သည်။ ယခုအခါ နမ္မတီးသကြားစက်ကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးအပ်လိုက်ပြီ ဖြစ်ကြောင်း သိရသည်။

ပျိုးထောင်ထား

နမ္မတီးကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးအောင်မြင့်က "နမ္မတီးမှာ အဓိက စီးပွားရေးကတော့ လယ်ယာလုပ်ငန်းနဲ့ ကိုင်းကျွန်းလုပ်ငန်းပါပဲ။ စပါးနဲ့ မြေပဲကို အဓိကစိုက်တယ်၊ နွေစပါးစိုက်တာ နှစ်နှစ်ရှိပါပြီ။ ဒီနှစ်မှာတော့ မြတောင် ကျေးရွာ မြတောင်ကွင်းမှာ နွေစပါး ဧက ၂၀၀စိုက်ဖို့ စီစဉ်နေပါတယ်။ ရက်တိုစပါးမျိုးကို ပျိုးထောင်ထားပါ တယ်" ဟု ပြောကြားသည်။

မြစ်ကြီးနားမှ အပြန်ခရီးသည် အလာတုန်းကကဲ့သို့ပင် အဖော်မပါ တစ်ကိုယ်တည်း....။ ရထားပေါ်၌ တစ်ညနှင့် တစ်နေ့ စီးရသည်ဖြစ်ရာ ငေးလို့လည်းကောင်း၊ တွေးလို့လည်း ကောင်းလှသည်။

မြစ်ကြီးနားနှင့် နမ္မတီး မိုင် ၃၀၊ တနိုင်း နှင့် နမ္မတီး မိုင် ၉၀၊ မိုးကောင်းနှင့် နမ္မတီး ကိုးမိုင်သာ ကွာဝေး၍ အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်။ မိုးကောင်းနှင့် နမ္မ တီး၊ မြစ်ကြီးနားနှင့် နမ္မတီးတို့ကို ကားလမ်း သာမက ရထားဖြင့်ပါ ဆက်သွယ်သွားလာ နိုင်၍ ခရီးသည်နှင့် ကုန်စည် ကူးသန်းမှု အဆင်ပြေ လွယ်ကူပြီး မြို့ပြနှင့်မခြား ဖွံ့ဖြိုးတိုးတက်လာ။

...ဥက္ကဋ္ဌ၊ နမ္မတီးဘူတာ ရုံပိုင်ချုပ်နှင့် စာရေးသူ ...ည်စီးဆင်းမှု အခြေအနေများနှင့်စပ်လျဉ်း၍ (သတင်းစဉ်)

မြစ်ကြီးနားမြို့မှ ကားဖြင့်လာပါက နမ္မတီး ကားလမ်းဆုံသည့်နေရာတွင် ဝဲဘက်၌ နမ္မတီးကျေးရွာ၊ ယာဘက်၌ လမ်းခွကျေးရွာကို တွေ့မြင်ရမည် ဖြစ်သည်။ နမ္မတီးကို သကြားစက်ဝင်း အပါအဝင် ရပ်ကွက် ၁၃ခုဖြင့် ဖွဲ့စည်းထားသည်။ ယခင်က နမ္မတီး

ပြန်လည်မြင်ယောင်

ရထားပြတင်းပေါက်မှ တရိပ်ရိပ် ဖြတ်သန်းကျန်ရစ်ခဲ့သော တောင်တန်းကြီးများနှင့် လယ်ကွင်းပြင်များကို ငေးကြည့်ရင်း ဒွန်ဘန်ကျေးရွာလေးမှ ဟင်းချက် လက်ရာကောင်းလှသော ဘူးဂါးစားသောက်ဆိုင်၊ ဒွန်ဘန်တံတား နှင့် ဒွန်ဘန် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်း ကျောင်းကိုလည်းကောင်း၊ နမ္မတီး အခြေခံပညာ အထက်တန်းကျောင်း မှာ နှစ်ထပ်ကျောင်းဆောင်သစ်ကြီး နှင့် အားလပ်ချိန်၌ ပျော်ရွှင်စွာ ပြေးလွှား ဆော့ကစားနေကြသော ကျောင်းသား ကျောင်းသူလေးများ၏ အပြစ်ကင်းစင်သော ပုံရိပ်များကို လည်းကောင်း၊ နမ္မတီးကားလမ်းဆုံမှ ဟင်းအမယ်စုံလှသော ထမင်းဆိုင် ကလေးကိုလည်းကောင်း မပြီးသေး သော ပန်းချီကားတစ်ချပ်သဖွယ် ပြန်လည်မြင်ယောင် နေမိပါတော့ သည်။ ။

(သတင်းစဉ်)

၂၀၀၉ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူ စာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲ

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

၂၀၀၉ခုနှစ် ပခုက္ကူ ဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ချန်ထရီယမ်ဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ ပခုက္ကူဦးအုံးဖေ စာပေဆု ရန်ပုံငွေကြီးကြပ်ရေး ကော်မတီနာယက ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက အဖွင့်အမှာစကား ပြောကြားသည်။

တစ်သက်တာဆု

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၉ခုနှစ် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရ ဒေါက်တာ သိန်းညွန့် (ညွန့်ဝေ-ကသာ)၊ ကဗျာ ပေါင်းချုပ် ဆုတွင် **ရေကြည်စမ်းနှင့် ပန်းပင်လယ်ကဗျာများ** စာအုပ်ဖြင့် ပထမဆုရ ဇာနည် ကိုယ်စား ဦးလှမျိုး၊ **တေးသီငှက်၏ မနက်ဖြန်ကဗျာစု** စာအုပ်ဖြင့် ဒုတိယဆုရ အောင်သာဆန်း(သံတွဲ)၊ **ပန်းသတင်းနှင့် သွန်းလေညင်းကဗျာစု** စာအုပ်ဖြင့် တတိယဆုရ ခက်ဇော်၊ ဝတ္ထုရှည် ဆုတွင် **တာရာသီဂီ** စာအုပ်ဖြင့် ပထမဆုရ ကို(တက္ကသိုလ်)နှင့် **သက်တံရောင်စဉ် မြေပြင်နမ်းတဲ့ တောင်တန်းမြင့် နတ်ပန်းချီ** စာအုပ်ဖြင့် ဒုတိယဆုရ ကိုနိုင်း(ချင်းတောင်) တို့အား ဆုများကို ပေးအပ်ချီးမြှင့် သည်။

စာပေဆု

ဆက်လက်၍ ပခုက္ကူဦးအုံးဖေ စာပေဆု ရန်ပုံငွေ ကြီးကြပ်ရေး ကော်မတီနာယက ပုံနှိပ်ရေးနှင့်စာအုပ် ထုတ်ဝေရေးလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက ဝတ္ထုတိုပေါင်းချုပ်ဆုတွင် **သောင်ယံကမ်းမှအလွမ်း လက်ကျန်နှင့် အခြား ဝတ္ထုတိုများ** စာအုပ်ဖြင့် ဒုတိယဆုရ သွဲ့ထားညို(သက္ကလ)၊ **ရွာရန်ရာနှုန်းလေးဆယ်သာနှင့် အခြားဝတ္ထုတိုများ** စာအုပ်ဖြင့် တတိယဆုရ မျိုးသူရိယ၊ ကျမ်းစာပေ ဆုတွင် **ရှင်မတောင်မှ ဧရာဝတီသို့** စာအုပ်ဖြင့် ပထမဆုရ တင်မြင့်၊ **ကျော်ကြားခဲ့ ကျော်ကြားဆဲ ဓမ္မပူဇာတေးသီချင်းများ** စာအုပ်ဖြင့် ဒုတိယဆုရ တက္ကသိုလ်ခင်မောင်ဇော်၊ သုတေသနစာပေဆုတွင် **မြန်မာ့ဝါး၊ မြန်မာ့နီးဘုရား၊ မြန်မာ့ဝါးထရံ** စာအုပ်ဖြင့် ဒုတိယဆုရ မေမြို့ ချစ်ဆွေနှင့် **ကော့ဝွန်းပူရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ** စာအုပ်ဖြင့် တတိယဆုရ မောင်မောင်နန်းနွယ် တို့အား ဆုများကို ပေးအပ်ချီးမြှင့် သည်။

ယင်းနောက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က ပခုက္ကူစာကြည့်တိုက် စာအုပ်ဆု ဆုရရှိသူများဖြစ်ကြသည့် **ဗုဒ္ဓ၏တရားဦး** စာအုပ်ကို ရေးသားသူ နော်ရထာဝင်းကိုယ်စား ဒေါ်ခင်ဆွေ နှင့် **အမေနဲ့ ကျွန်တော်** စာအုပ်ကို ရေးသားသူ ပါမောက္ခ ဒေါက်တာ ခင်မောင်ဝင်း(အသည်း)တို့အား ဆုများ ကို ပေးအပ်ချီးမြှင့်သည်။

ပညာသင်ဆု

ဆက်လက်၍ ပညာရေးစီမံကိန်း နှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးဘိုဝင်းက မြန်မာ့ ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပညာသင်ဆုရရှိကြသော မြန်မာ့ ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ မောင်စိုးသီဟ (ဒုတိယ နှစ်-ဂီတအထူးပြု)၊ မြန်မာ့ယဉ်ကျေး မှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) မှ မအေးစုမွန်(ဒုတိယနှစ်-ဂီတအထူး ပြု)၊ ပခုက္ကူဦးအုံးဖေ မြန်မာစာ ထူးချွန်ဆုရရှိကြသော မတင်ဇာနိုင် (ပဲခူး ဒီဂရီကောလိပ်)၊ မသင်းလဲ့စံ (ရတနာပုံတက္ကသိုလ်)၊ မောင်သီဟ အောင် (ရွှေဘိုဒီဂရီကောလိပ်)နှင့် မခင်မိုးအေး (ကလေးတက္ကသိုလ်)၊ ပခုက္ကူ ဦးအုံးဖေ ပညာရည်ချွန်ဆု မြန်မာစာဘာသာရပ်တွင် ပထမဆုရ ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ကောင်းဇေယျ၊ ဒုတိယဆုရ ဧရာ ဝတီတိုင်း ပုသိမ်မြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ကျော်ခိုင်ထက်နှင့် တတိယဆုရ မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အမှတ်(၂၃) အခြေခံပညာ အထက် တန်းကျောင်းမှ မနန်းခမ်းထွေးတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဌာန ဆိုင်ရာ အကြီးအကဲများ၊ ဆုရွေးချယ်ရေးအဖွဲ့ဝင်များ ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရရှိကြသူများနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၉ခုနှစ် ပခုက္ကူ ဦးအုံးဖေ စာပေဆု (ကဗျာပေါင်းချုပ်)ဆု တွင် တေးသီငှက်၏ မနက်ဖြန် ကဗျာစုစာအုပ်ဖြင့် ဒုတိယဆုရ အောင်သာဆန်း (သံတွဲ)အား ဆု ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ပေးအပ်ချီးမြှင့်

ထို့နောက် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင် မျိုးမြင့်က ပညာရည်ချွန်ဆု အင်္ဂလိပ်စာ ဘာသာရပ်တွင် ပထမဆုရ ကချင် ပြည်နယ် မိုးညှင်းမြို့နယ်မှ မထူးမွန် ခိုင်၊ ဒုတိယဆုရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်းမှ မချစ် ချစ်ဆောင်းဦးနှင့် တတိယဆုရ ကချင် ပြည်နယ် မိုးညှင်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မထိုက်နန္ဒာပိုင်၊ ပညာရည်ချွန်ဆု သင်္ချာဘာသာရပ်တွင် ပထမဆုရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မမြတ်ဆုစံ၊ ဒုတိယဆုရ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမှတ်(၁၈) အခြေခံပညာ အထက်တန်းကျောင်းမှ မဆွေဇင်လင်းနှင့် တတိယဆုရ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းမှ မဆုမြတ်ရတနာလွင်၊ ပညာရည်ချွန်ဆု ရူပဗေဒဘာသာရပ်၊ ဓာတုဗေဒဘာသာရပ်နှင့် ဇီဝဗေဒ ဘာသာရပ်တို့တွင် ပထမဆုရ ရန်ကုန် တိုင်း စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မထွဋ်မြတ်နိုးအောင်၊ ပညာရည်ချွန်ဆု ဘောဂဗေဒဘာသာရပ်တွင် ပထမ ဆုရ မွန်ပြည်နယ် သထုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းမှ မနှင်းယုခိုင်၊ ပညာရည်ချွန် ဆု ပထဝီဘာသာရပ်တွင် ပထမဆုရ မကွေးတိုင်း ဂန့်ဂေါမြို့မှ မဧကရီစိုး နှင့် ပညာရည်ချွန်ဆု သမိုင်း ဘာသာရပ်တွင် ပထမဆုရ ဧရာဝတီ တိုင်း မြန်အောင်မြို့နယ် အင်ပင် အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ဇော်ရဲအောင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ရှင်းလင်းပြောကြား

ယင်းနောက် စာပေအလှူရှင် ပခုက္ကူ ဦးအုံးဖေ ကိုယ်စား ပခုက္ကူ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင့်ဆွေက ဆုချီးမြှင့်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆုရရှိကြသူများ ကိုယ်စား ၂၀၀၉ခုနှစ် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရ ဒေါက်တာ သိန်းညွန့်(ညွန့်ဝေ-ကသာ)က ကျေးဇူး တင်စကားပြောကြားပြီး အခမ်းအနား ကို ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းဓာတ်ပုံ

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဆုရွေးချယ်ရေး အဖွဲ့ဝင်များသည် ဆုရရှိကြသူများနှင့် အတူစုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ **(သတင်းစဉ်)**

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော် ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီ လဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝ တည်ငြိမ် လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါ သဖြင့် ရာသီဥတု ပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီ ဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများ ကို သတိပြု ရှောင်ကြဉ်ကြ ပါရန်။

၁၀:၅၀ မြန်မာ့ **အိုး**
၁၁:၀၀ တိုးတက်မှုအစုံစုံ စစ်ကိုင်းမြို့ရဲ့ မြင်ကွင်းအဖုံဖုံ
၁၁:၁၅ International Show Biz
၁၁:၃၅ ဖန်တီးသူ၏ ပညာစွမ်းမှသည် လှပသော ဘဝများဆီသို့
၁၂:၀၀ နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (နွေးထွေးတဲ့မိသားစုအတွက် သံလွင်လမ်းက High View Villa)
၁၂:၂၀ တိရစ္ဆာန်လေးတွေမွေးကြမယ် (Golden Sun Aquarium & Pet Shop)
၁၂:၃၀ စာအုပ်ပြခန်း (လောကဓံကို စိန်ခေါ်၍ ရင်ဆိုင်ခဲ့သည့် ကျွန်တော် စာအုပ် ရေးသားသူ ကေသီပန်ဦးလှမြင့်နှင့် တွေ့ဆုံခြင်း)
၁၂:၅၀ ကပ်လျှပူဇော် ကုသိုလ်ယူမယ် ဆံတော်ရှင် ကျိုက်သုတ် စေတီတော်ဝယ်
၁:၀၀ **ဆရာတော် ဘဒ္ဒန္တနာရဒ** ဟောကြားတော်မူသော တရားတော်
၂:၀၀ MRTV-4 သတင်း
၂:၄၅ Celebrity Profile (Michelle Yeoh)
၃:၁၅ Shooting Making **မယုံရင် ပုံပြင်မှတ်** ဇာတ်ကား ရိုက်ကူးမှု
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃၆)
၄:၀၅ မူဟန်ကိုယ်စီတေးကိုသီ
၄:၂၀ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၄:၂၅ Activities in the City [တွံတေးမြို့နယ် အထက (ကံဘဲ့) မြတ်ဆရာပူဇော်ပွဲ]
၄:၄၀ နွယ်မြက်သစ်ပင် ဆေးဖက်ဝင် **ထူး** တိုင်းရင်းဆေးလည်းပါဝင်
၄:၅၀ စိမ့်နေခြည်၏ ခေတ်သစ်မွေးဌာနီ
၅:၁၀ Activities in the City (စာရေးဆရာ အတ္တကျော်၏ စာအုပ်မိတ်ဆက်ပွဲ)
၅:၂၅ အနုပညာမိုးကောင်းကင်
၅:၄၅ နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (နွေးထွေးတဲ့ မိသားစုအတွက် သံလွင်လမ်းက High View Villa)
၆:၀၀ MRTV-4 သတင်း
၆:၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၄၅ International Show Biz
၇:၀၅ စာအုပ်ပြခန်း (လောကဓံကို စိန်ခေါ်၍ ရင်ဆိုင်ခဲ့သည့် ကျွန်တော် စာအုပ် ရေးသားသူ ကေသီပန်ဦးလှမြင့်နှင့် တွေ့ဆုံခြင်း)
၇:၂၀ Celebrity Profile (Michelle Yeoh)
၈:၀၀ MRTV-4 သတင်း
၈:၃၀ အနုပညာမိုးကောင်းကင်
၉:၀၅ တိရစ္ဆာန်လေးတွေမွေးကြမယ် (Golden Sun Aquarium & Pet Shop)
၉:၁၅ Shooting Making **မယုံရင် ပုံပြင်မှတ်** ဇာတ်ကား ရိုက်ကူးမှု
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃၆)
၁၀:၀၀ ဆန့်ကျင်ကာကွယ် ဆေးလိပ် အန္တရာယ် [ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)]
၁၀:၂၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၅၀ ဟူးကောင်းချိုင့်ဝှမ်းမှ ဆင်သုတေသနလုပ်ငန်း
၁၁:၁၀ ရွှေဖြူ၏ အလေအလွင့်များမှသည် စက်မှုစွမ်းအားဖြင့် ခရမ်ရော်ဘာဆီသို့
၁၁:၂၅ ဖန်ဆင်းရေးခြယ် လက်ရာ အသွယ်သွယ်
၁၂:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

■ *ကျောဖုံးမှ*

နိုင်ငံတော်က ကျေးလက်ဒေသနေ ပြည်သူများ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေး တစ်ခုပြီးတစ်ခု ဖြည့်ဆည်းပေးလျက်ရှိသည်။ ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ကျေးလက်လမ်းများ တိုးတက်ကောင်းမွန်ရေး၊ ကျေးရွာတိုင်း စာကြည့်တိုက်များ ဖွင့်လှစ်ပေးနိုင်ရေး အစရှိသဖြင့် ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုဘဝကို မြင့်သည်ထက်မြင့်အောင် မြှင့်တင်ပေးလျက်ရှိရာ ယခုလည်း ကျေးလက်ဒေသနေ ပြည်သူများ တစ်နေရာမှ တစ်နေရာသို့ တယ်လီဖုန်းဆက်သွယ်ပြောဆိုနေမှု အဆင်ပြေချောမွေ့စေရန် ရည်ရွယ်ပြီး အစီအမံများ ဆောင်ရွက်ပေးလျက်ရှိပေသည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် နေပြည်တော်ပျဉ်းမနား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်တင့်၏ ဖိတ်ကြားချက်အရ နေပြည်တော်ပျဉ်းမနား အရှေ့ခြမ်း တောင်ပေါ်ဒေသများရှိ ကျေးရွာများအတွက် CDMA ဖုန်းများ တပ်ဆင်လှူဒါန်းခြင်း အခမ်းအနားသို့ သတင်းဆောင်းပါးရေးသားရန် တက်ရောက်ခွင့်ရခဲ့သည်။

နေပြည်တော်ပျဉ်းမနား အရှေ့ခြမ်း တောင်ပေါ်ကျေးရွာဖြစ်သည့် ဂ မုန်း တောင်ကျေးရွာ၌ ရတနာစာကြည့်တိုက်တွင် ဒေသခံ တိုင်းရင်းသူလေးများ ဤသို့ ဗဟုသုတ ရှာမှီးလျက်ရှိသည်။ (မြန်မာ့အလင်း)

တိုးတက်ကောင်းမွန်

အဆိုပါ အခမ်းအနားကို ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်က နေပြည်တော်ပျဉ်းမနား အရှေ့ခြမ်း တောင်ပေါ်ကျေးရွာတစ်ရွာဖြစ်သည့် မဲပေါက်ကျေးရွာအုပ်စု ဂမုန်းတောင်ကျေးရွာ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။ ဤဂမုန်းတောင် ကျေးရွာသည် နေပြည်တော် ပျဉ်းမနား၏ အရှေ့ဘက်တောင်ကုန်း တောင်တန်းကြီးများ ထူထပ်ရာနေရာအတွင်း တည်ရှိလေသည်။ သို့သော်လည်း အထက်ပေါင်းလောင်း ရေလှောင်တမံ စီမံကိန်းကြောင့် ယင်းကျေးရွာသို့ သွားသောလမ်းမှာ တိုးတက်ကောင်းမွန်လာသည်။ ဤလမ်းမှာ တောင်တက်လမ်းဖြစ်ပြီး မြေသားလမ်းဖြစ်သော်လည်း အချို့နေရာများတွင် လမ်းကို ချဲ့ထွင်ပြုပြင်နေသကဲ့သို့ ကွန်ကရစ်များလည်း ခင်းထားသည်ကို တွေ့ရသည်။ ထိုလမ်းသည် နေပြည်တော်ပျဉ်းမနား အရှေ့ခြမ်း တောင်ပေါ်ဒေသနေ ပြည်သူများအတွက် အသက်သွေးကြောသဖွယ် အရေးပါလှသည်။ အဘယ်ကြောင့်ဆိုသော် ထိုတောင်ပေါ်ဒေသနေ ပြည်သူများသည် တစ်ချိန်က နေပြည်တော်ပျဉ်းမနားမြို့ပေါ်သို့လာလျှင် နံနက်မိုးလင်းမှ မိုးချုပ်သည်အထိ ခြေကျင်သွားကြရသည် ဟူ၏။ ယခုအခါ ကားဖြင့် တစ်ဖုံ၊ ဆိုင်ကယ်စီး၍တစ်နည်း သွားရောက်နိုင်ကြပြီဖြစ်၍ ဒေသဖွံ့ဖြိုးရေးအတွက် များစွာ အထောက်အကူပြုလျက် ရှိသည်ကို တွေ့ရ၏။

လမ်းပန်းကဏ္ဍာ တိုးတက်ကောင်းမွန်လာသလို ဆက်သွယ်ရေးကဏ္ဍာကိုလည်း မြှင့်တင်ပေးလျက်ရှိကြောင်း နေပြည်တော်ပျဉ်းမနား အရှေ့ခြမ်း တောင်ပေါ်ဒေသရှိ ကျေးရွာများအတွက် CDMA ဖုန်းများ တပ်ဆင်လှူဒါန်းပွဲက သက်သေပြလျက်ရှိသည်။

အဆိုပါ အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ခရိုင်နှင့်မြို့နယ် တာဝန်ရှိသူများ တက်ရောက်၍ CDMA ဖုန်းများကို ကျေးရွာတာဝန်ရှိသူများထံသို့ ကိုယ်တိုင်ကိုယ်ကျ ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

"အခု အစီအစဉ်ဟာ နေပြည်တော်တိုင်းစစ်ဌာနချုပ်က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနဲ့ ညှိနှိုင်း ဆောင်ရွက်ခဲ့တာဖြစ်ပြီး နေပြည်တော်ခရိုင်မှာရှိတဲ့ ကျေးရွာအုပ်စုတစ်စုကို အနည်းဆုံး ဖုန်းတစ်လုံး တပ်ဆင်ပေးရေး အစီအစဉ်နဲ့ ဆောင်ရွက်ပေးနေကြောင်း သိရပါတယ်။"

အေးချမ်းသာယာလှပသည့် နေပြည်တော်ပျဉ်းမနား အရှေ့ခြမ်းမှ တောင်ပေါ်ကျေးရွာလေးဖြစ်သည့် ဂမုန်းတောင်ကျေးရွာ၏ သာမောဖွယ်အလှ။ (မြန်မာ့အလင်း)

"ကျွန်တော်တို့ နေပြည်တော်ပျဉ်းမနားမှာတော့ မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်၊ မြို့ပေါ်ရပ်ကွက်များနဲ့ ကပ်နေတဲ့ ကျေးရွာအုပ်စု ငါးအုပ်စုအပြင် ယခု တောင်ပေါ်ဒေသ ကျေးရွာအုပ်စု ခုနစ်အုပ်စုမှာရှိတဲ့ ကျေးရွာ ၁၆ ရွာအတွက် တစ်ရွာလျှင် ဖုန်းတစ်လုံးနှုန်း ဖုန်းလိုင်းမိနိုင်မယ့် ကျေးရွာတွေကို စမ်းသပ်ပြီး အခမဲ့ တပ်ဆင်ပေးအပ် လှူဒါန်းခဲ့ခြင်းဖြစ်ပါတယ်။ ဒီ CDMA ဖုန်း ၁၆ လုံးကိုတော့ တိုင်းမှူးရဲ့ အစီအစဉ်နဲ့ နေပြည်တော်ခရိုင်ဘက်စုံဖွံ့ဖြိုးရေးရန်ပုံငွေမှ ဖုန်းတစ်လုံးလျှင် ငွေကျပ်ငါးသိန်းခွဲနဲ့ တယ်လီဖုန်း ငှားရမ်းခ စိုက်ပေးခြင်းဖြစ်ပါတယ်။ လက်ကိုင်ဖုန်းများကိုတော့ တစ်လုံးလျှင် ငွေကျပ်တစ်သိန်းနှုန်းနဲ့ နေပြည်တော်ပျဉ်းမနား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေနဲ့ ဝယ်ယူလှူဒါန်းပေးခြင်း ဖြစ်ပါတယ်"ဟု နေပြည်တော်ပျဉ်းမနား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်တင့်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

နေပြည်တော်ပျဉ်းမနား အရှေ့ခြမ်း တောင်ပေါ်ကျေးရွာဖြစ်သည့် အောင်ဘိသိက်ကျေးရွာမှ ပြည်သူများ CDMA ဖုန်းဖြင့် ဤသို့ ဆက်သွယ်စကားပြောဆိုနိုင်ကြပြီ။ (မြန်မာ့အလင်း)

အဆိုပါ CDMA ဖုန်း လက်ခံရရှိသော ကျေးရွာများမှာ ဘို့မတောင်၊ ဘို့မအထက်၊ တောင်မြင့်ရေပူ၊ ဘောကထအထက်၊ အလယ်ချောင်းဖုန်းဆိုး၊ ကိုးတစ်ဖုန်းဆိုး၊ ကိုးတစ်ရွာမ၊ ကိုးတစ်ခြောက် အိမ်စု၊ ကိုးတစ်တဲစု၊ အောင်ဘိသိက် မြသီတာ၊ ပြဒါးချောင်း၊ ကိုးရွာ၊ ဝေသာလီ၊ မဲပေါက်နှင့် ဂမုန်းတောင်ကျေးရွာများ ဖြစ်သည်။

လျှော့က်ထားနိုင်

နေပြည်တော်ပျဉ်းမနားရှိ အခြားသော ကျေးရွာ ၂၂အုပ်စုတွင်လည်း CDMA ဖုန်းများ ထပ်မံတပ်ဆင်ပေးသွားရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ တယ်လီဖုန်း ငှားရမ်းသုံးစွဲမှု ကနဦး ကုန်ကျစရိတ်မှာ ငွေကျပ်ငါးသိန်းခွဲ ဖြစ်ကြောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှတစ်ဆင့် လျှော့က်ထားနိုင်ကြောင်း သိရသည်။

နေပြည်တော်ပျဉ်းမနား အရှေ့ခြမ်း တောင်ပေါ်ကျေးရွာဖြစ်သည့် ဂမုန်းတောင်ကျေးရွာ၌ အသစ်ဖွင့်လှစ်လိုက်သော ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ်ကို ဤသို့ သပ်ရပ်လှပစွာ တွေ့ရသည်။ (မြန်မာ့အလင်း)

ရေစုပ်ပန့်များ

အဆိုပါ အခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန နေပြည်တော်ခရိုင် စိုက်ပျိုးရေး မန်နေဂျာရုံးက နေပြည်တော်ပျဉ်းမနား အရှေ့ခြမ်း တောင်ပေါ်ကျေးရွာများအတွက် မော်တော်ဆိုင်ကယ်နှင့် တွဲဖက်အသုံးပြုနိုင်သော ရေစုပ်စက်ပန့် အလုံး ၄၀လည်း လှူဒါန်းပေးခဲ့သည်။

ထိုဒေသသည် တောင်ပေါ်ဒေသဖြစ်သည့်အလျောက် တောတောင်၊ လျှိုမြောင်၊ ချိုင့်ဝှမ်းများ ပေါများသည်။ ထိုတောတောင်များမှ သဘာဝစိမ့်စမ်းရေများ စီးဆင်းလျက်ရှိသည်။ ထိုရေများကို ရေစုပ်စက်ပန့်များ အသုံးပြုပြီး စိုက်ပျိုးရေး တိုးတက်အောင်မြင်စေရန် ရေစုပ်ပန့်များ လှူဒါန်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ နေပြည်တော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးလက်ဒေသနေ ပြည်သူများ ဗဟုသုတပွားများတိုးပွားစေရန် ရည်ရွယ်လျက် စာအုပ်များ ပေးအပ်လှူဒါန်းခဲ့သည်ကိုလည်း တွေ့ခဲ့ရသည်။

ထို့အပြင် ဖုန်းဆိုးကျေးရွာ ဘုန်းတော်ကြီးကျောင်းဆောက်လုပ်ရန် ငွေကျပ်သိန်း ၃၀နှင့် မြသီတာကျေးရွာ ကျေးလက်ဆေးပေးခန်း ဆောက်လုပ်ရန်အတွက် ငွေကျပ် ၁၂သိန်းကိုလည်း ပေးအပ်လှူဒါန်းခဲ့သည်။

ဂမုန်းတောင်ကျေးရွာ၏မင်္ဂလာရှိသောနေ့

ထိုနေ့ကား ဂမုန်းတောင်ကျေးရွာ၏ မင်္ဂလာရှိသောနေ့ဟု ဆိုရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကျေးလက်ဒေသနေ ပြည်သူများ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးလုပ်ငန်းများအတွက် အထောက်အကူပြုနိုင်မည့် CDMA ဖုန်းများ တပ်ဆင်အသုံးပြုသောနေ့ဖြစ်သည့်အပြင် ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ် ဖွင့်လှစ်ပေးနိုင်သောနေ့လည်း ဖြစ်ပေသည်။

ကျေးလက် ကျန်းမာရေးဌာန အဆောက်အအုံသစ် ဖွင့်လှစ်ပေးနိုင်ခဲ့မှုကြောင့် ဂမုန်းတောင်ကျေးရွာရှိ ပြည်သူများနည်းတူ မြိုင်သာယာ၊ လွဲကြီး၊ မဲပေါက်၊ ရစ်ထွေနှင့် ပင်ရဲကျေးရွာများမှ ပြည်သူများအတွက်လည်း ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်တော့မည် ဖြစ်သည်။

သို့ဖြစ်ပေရာ ဤနေ့ ဤအချိန်ခါသည် နေပြည်တော်ပျဉ်းမနား အရှေ့ခြမ်းရှိ ဂမုန်းတောင်ကျေးရွာ အပါအဝင် တောင်ပေါ်ကျေးရွာအုပ်စု ခုနစ်အုပ်စု၏ မင်္ဂလာရှိသောနေ့ပင် ဖြစ်ပါတော့သည်။ ။ (မြန်မာ့အလင်း)

ဝတ်စုံများပေးအပ်

ကမာရွတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများ ဖေဖော်ဝါရီ ၁၉ရက်က ဝတ်စုံများပေးအပ်ပွဲ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်တင်က ဝတ်စုံများကို ဝန်ထမ်းများကိုယ်စား တာဝန်ရှိသူတစ်ဦးအား ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ပေးအပ်လှူဒါန်း

နှစ်ဖက်သောမိဘများအား ရည်စူး၍ ဦးညဏ်ဝင်း-ဒေါ်ဟန်သိန်း၊ သမီး မသန္တာလင်း၊ မမြင့်မဋ္ဌု မိသားစုက တွံတေးမြို့ မိဘဂုဏ် ဘိုးဘွားရိပ်သာ အာဟာရပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း လှူဒါန်းရာ အလှူရှင်ကိုယ်စား မတင်တင်ယုက ရိပ်သာတွဲဖက်အတွင်းရေးမှူး ဦးကျော်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (၁၀၅)

တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် မောင်မြန်မာစက်ဘီးပြိုင်ပွဲ တက်ရောက်အားပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၈

အမှတ်(၁)စက်မှုဝန်ကြီးဌာန၊အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ဖိတ်ခေါ် မောင်မြန်မာကျားစီးစက်ဘီးပြိုင်ပွဲနှင့် မစီးစက်ဘီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၆နာရီက ရန်ကုန်မြို့ သုဝဏ္ဏလူငယ်အားကစား လေ့ကျင့်ရေးပြိုင်ကွင်းရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ဖိတ်ခေါ် မောင်မြန်မာ စက်ဘီးပြိုင်ပွဲ အလွတ်တန်းပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အစီအစဉ်အရ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို စတင်တာလွှတ်ပေးသည်။ ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို သုဝဏ္ဏလူငယ် လေ့ကျင့်ရေး အားကစားပြိုင်ကွင်းအတွင်း၌ ကျင်းပရာ တိုင်းမှူးနှင့်တာဝန်ရှိသူတို့က ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ရန်ကင်းမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိကြရာ တာဝန်ရှိသူတို့က မြို့နယ်အတွင်း သွေးလွန်တုပ်ကွေး ရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးနှင့်မြို့တော်ဝန်တို့က လိုအပ်သည်များကို မှာကြားပြီး အမှတ်(၁၃)ရပ်ကွက် မြနန္ဒာလမ်းနှင့် အောင်ချမ်းသာလမ်းတစ်လျှောက်၌ ခြင်ထောင်ဆေးစိမ် လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ခြင်ဆေးဖျန်းဆောင်ရွက်နေမှု၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကျန်းမာရေး အသိပညာပေး ဟောပြောနေမှုနှင့် လမ်းဘေး ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ မရမ်းကုန်းမြို့နယ် အမှတ် (၈)ရပ်ကွက်ရုံး၌ တာဝန်ရှိသူတို့က မြို့နယ် အတွင်း သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထား ရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့်မြို့တော်ဝန်တို့က လိုအပ်သည်များကို မှာကြားကြပြီး ရေကူး ဘူတာရုံလမ်းနှင့် မြစ်ပယ်လမ်းအတွင်း ခြင်ထောင်ဆေးစိမ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဖွဲ့ဆုံချောင်းအတွင်း ရေစီးရေလာ ကောင်းမွန်စေရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ဗီယက်နမ် ဟိုချီမင်းကလပ်အသင်းသို့ သွားရောက်ကစားမည့် မြန်မာ့လက်ရွေးစင်ဘော်လီဘောသမား ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းကလပ် အသင်း[ဗီယက်နမ်ပရိုလိ(ဂ်)]သို့ သွားရောက်ကစားမည့် မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ် မြန်မာ့လက်ရွေးစင် ဘော်လီဘော အသင်းမှ ဝင်းထွန်းဦး (အားကစားဝန်ကြီး ဌာန)သည် ယနေ့ နံနက်ပိုင်းက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်း ခရီးဖြင့်ထွက်ခွာသွားရာ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှတာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့လက်ရွေးစင်ဘော်လီဘော အသင်းမှ ဝင်းထွန်းဦး (အားကစားဝန်ကြီး ဌာန)သည် မတ် ၆ရက်မှ ၂၂ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းကလပ်အသင်း [ပရိုလိ(ဂ်)]သို့ သွားရောက်ကစားစဉ်ကာလအတွင်း လစာအဖြစ် အမေရိကန်ဒေါ်လာ ၂၅၀၀ရရှိမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဒို့ကျေးရွာဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ဒို့ကျေးရွာဂျာနယ် အတွဲ(၇)၊ အမှတ်(၅)ကို ယနေ့ ထုတ်ဝေလိုက်ပြီဖြစ်သည်။ ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် ဒေသရေမြေနှင့် ကိုက်ညီသည့် နွေစပါး မျိုးကောင်းကို ရွေးချယ်စိုက်ပျိုး စသည့် စိုက်ပျိုးရေး ဆောင်းပါးများ၊ ဝက်တို့တွင် ဖြစ်ပွားသောရောဂါနှင့် ပျောက်ကင်းနိုင်သည့်နည်း စသည့် မွေးမြူရေးဆောင်းပါးများ၊ ငှက်ဖျားရောဂါ သိကောင်းစရာ၊ ဘာကြောင့် လေအောင့်ရတယ် စသည့် ကျန်းမာရေး ဆောင်းပါးများ၊ ဖိတ်ခေါ်ပါသည် ရွှေနတ်တောင် ဘုရားပွဲတော်ဆီ စသည့် အသိပညာ ပေး သုတ၊ ရသ ဆောင်းပါးများ၊ ဘရာဇီးနိုင်ငံမှ ပဲပိစပ်များ ရုရှားသို့ တင်ပို့ ရောင်းချလျက်ရှိ၊ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုအတွက် တစ်နိုင်စိုက်ပျိုးရေးလုပ်ငန်းများ အပေါ်တွင် မူတည်လျက်ရှိ၊ တရုတ်နှင့်အိန္ဒိယ နှစ်နိုင်ငံစီးပွားရေး ဖွံ့ဖြိုးမှု ခိုင်မာစေရန် စွမ်းအင်ကဏ္ဍတွင် အကျိုးတူ ပူးပေါင်းမည်၊ နိုင်ငံတကာသတင်းဆောင်းပါးများ၊ အားကစားသတင်းများနှင့် ပရိသတ်တောင်းဆိုတဲ့ သီချင်းလေးတွေကိုပဲ ရွေးချယ် သီဆိုပေးဖြစ်ပါတယ်ဆိုတဲ့ အဆိုတော် သရုပ်ဆောင် ချစ်သုဝေနှင့်တွေ့ဆုံခြင်း စသည့် အနုပညာသတင်းများ၊ ညောင်ပင် တစ္ဆေဝေလေလေ အခန်းဆက်ဝတ္ထုရှည် (ဇာတ်သိမ်းပိုင်း)တို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။

ဝယ်ယူရရှိနိုင်

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ်၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

၂၀၀၉ခုနှစ်အတွက် Lolane, Rico& Rina အလှကုန်ပစ္စည်းများ၊ Mother's Choice Margarine နှင့် မုန့်လုပ်ငန်းသုံးပစ္စည်းများရောင်းအား အကောင်းဆုံး ဆုချီးမြှင့်ပွဲနှင့် Lolane ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲတွင် Managing Director ဦးလှဝင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

LOLANE ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

Grand Wynn Enterprises Ltd. က ၂၀၀၉ခုနှစ်အတွက် Lolane, Rico & Rina အလှကုန်ပစ္စည်းများ၊ Mother's Choice Margarine နှင့် မုန့်လုပ်ငန်းသုံး ပစ္စည်းများရောင်းအား အကောင်းဆုံးဆုချီးမြှင့်ပွဲနှင့် Lolane ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ရက် ညနေ ၆နာရီက ရန်ကုန်မြို့ နတ်မောက်လမ်းရှိ Chatrium Hotel ၌ ကျင်းပရာ ရှေးဦးစွာ Managine Director ဦးလှဝင်းက နှုတ်ခွန်းဆက်ဂုဏ်ပြုစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဆက်လက်၍ General Manger ဦးအယ်(လ်)မိန်းဒိန်က ၂၀၀၉ခုနှစ်အတွက် Lolane, Rico& Rina အလှကုန်ပစ္စည်းများ၊ Mother's Choice Margarine နှင့် မုန့်လုပ်ငန်းသုံး ပစ္စည်းများ ရောင်းအား၊ အကောင်းဆုံး ဖြန့်ဖြူးရောင်းချပေးခဲ့သည့် အရောင်း ကိုယ်စားလှယ်ကြီးများနှင့် လုပ်ငန်းရှင်ကြီး များအား ဆုချီးမြှင့်ရခြင်းနှင့် ၂၀၁၀ခုနှစ် အတွက် အသစ်ထပ်မံ ထုတ်လုပ်လိုက်သည့် နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်မား သော ဆံပင်နှင့် အသားအရေထိန်းသိမ်း ခြင်းဆိုင်ရာ Lolane Hair & Skin Care အလှကုန်ပစ္စည်းများ ဖြစ်သည့် Lolane Natural Shampool, Diamond Shine Hair Treatment, White Spa Facial Skincare Products များနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ၂၀၀၉ခုနှစ်အတွက် Lolane, Rico& Rina အလှကုန်ပစ္စည်း များ၊ Mother's Choice Margarine နှင့် မုန့်လုပ်ငန်းသုံးပစ္စည်းများအား အများ ဆုံး ဝယ်ယူ ဖြန့်ဖြူးရောင်းချပေးခဲ့သော အရောင်းကိုယ်စားလှယ်ကြီးများအား တာဝန် ရှိသူများက ဆုများပေးအပ်သည်။

ဆက်သွယ်မေးမြန်း

အခမ်းအနား အထိမ်းအမှတ်အဖြစ် Lolane Natural Shampool နှင့် Diamond Shine အလှကုန်ပစ္စည်းများ ကို အထူးနှုန်းဖြင့် ရောင်းချပေးသည်။

Grand Wynn Enterprises Ltd. သည် နိုင်ငံတကာအဆင့်မီ အရည် အသွေး မြင့်မားသော ဆံပင်နှင့် အသား အရေ ထိန်းသိမ်းခြင်းဆိုင်ရာ Lolaneနှင့် Rico & Rina နှင့် အမှတ်တံဆိပ် Hair Body & Skin Care အလှ ကုန်ပစ္စည်း များ၊ Mother's Choice Margarine နှင့် မုန့်လုပ်ငန်းသုံးပစ္စည်းများအား ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိရာ ကိုယ်စားလှယ် ရယူလိုပါက ဖြန့်ဖြူး ရောင်းချလိုသူများအနေဖြင့် Grand Wynn Enterprises Ltd. အမှတ် ၄၀ ၆၇လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၄၀၄၅၊ ၂၉၀၁၇၀၊၂၉၁၃၁၈နှင့် e-mail: grandwynn@ mptmail. net.mm သို့ အသေးစိတ် ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

မြန်မာ့အလင်း ဖောင်ပိတ်ကာလင်းဖလား

ရွန်နေ၏ ခေါင်းတိုက်အနိုင်ဂိုးဖြင့် မန်ယူအသင်းကာလင်းဖလား ထပ်ဆင့်ဆွတ်ခူး

အာကာကျော်-ရေးသားသည်

လန်ဒန် ဖေဖော်ဝါရီ ၂၈

ကာလင်းဖလားဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၂၈ရက်ညနေက လန်ဒန်မြို့ ဝင်ဘလေ ကွင်းကြီး၌ လက်ရှိချန်ပီယံမန်ယူနှင့် အက်စ်တွန်ဗီလာတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မန်ယူက ရွန်နေ၏ ခေါင်းတိုက်ဂိုးဖြင့် ဖလားဆွတ်ခူးသွားပြီဖြစ်သည်။

တိုက်စစ်မှူး ရွန်နေ အနိုင်ဂိုးသွင်းယူပြီး ဤသို့ အောင်ပွဲခံခဲ့သည်။
(အင်တာနက်ဓာတ်ပုံ)

ပထမပိုင်း

ပွဲစသည်နှင့် နှစ်သင်းစလုံး အကြိတ်အနယ်ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၅မိနစ် တွင် အဘွန်လဟောကို ဗီဒစ်က ဂိုးပေါက်ပြေးလမ်းကြောင်း ပိတ်ဆို့ခဲ့၍ မန်ယူတို့ စောစီးစွာ ပယ်နယ်တီပေးခဲ့ရသည်။ ယင်းပယ်နယ်တီကို မီလ်နာက သွင်းယူခဲ့ ခြင်းဖြစ်သည်။

မန်ယူတို့ ချေပဂိုးသွင်းနိုင်ရေး အကြိတ်အနယ် ပြန်လည်ထိုးဖောက်ကစားခဲ့ရာ တွင် ပွဲချိန် ၁၂မိနစ်၌ မိုက်ကယ်အိုဝင်က မိုက်ကယ်ကားရစ်၏ တည်ကန်ဘောမှ တစ်ဆင့် ဘောလုံးရပြီး သွင်းယူပေးခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် မိုက်ကယ်အိုဝင် ဒဏ်ရာရခဲ့၍ ရွန်နေ ဝင်ကစားသည်။ ပထမပိုင်းပြီးခါနီးတွင် ပက်ဂျီဆန်ထိုးဖောက်ပြီး အမိအရကန်သွင်းရာ ဗီလာဂိုး တိုင်ထိသွား၍ မန်ယူတို့ ဂိုးနစ်နာခဲ့ရသည်။

ဒုတိယပိုင်း

ဒုတိယပိုင်းတွင် ပထမပိုင်းထက် ပို၍ လျင်လျင်မြန်မြန် ထိုးဖောက်ကစားလာ သည်။ ဘောလုံးကို အလှကစားခြင်းထက် ဂိုးရရှိရေးအတွက် နှစ်သင်းစလုံး ကျားကုတ် ကျားခဲ ကစားခဲ့ကြသည်။

ပွဲချိန် ၇၄မိနစ်တွင် မန်ယူတို့ အက်စ်တွန်ဗီလာနောက်တန်းကို လျှပ်တစ်ပြက် ထိုးဖောက်ခဲ့ရာ ဗလင်စီယာ ညာတောင်ပံမှ ပြေးဆွဲသွားပြီး ဗီလာဂိုးရှေ့သို့ အမြောက်ကန်တင်လိုက်ချိန် တိုက်စစ်မှူး ရွန်နေ မနားတမ်းခေါင်းတိုက်သွင်းယူခဲ့ရာ ဘောလုံးမှာ ဗီလာဂိုးသမားကိုကျော်၍ လှလှပပဂိုးဝင်သွားခဲ့သည်။

တန်ပြန်တိုက်စစ်

ယင်းဂိုးသွင်းခဲ့ပြီးနောက် ဗီလာတို့ ချေပဂိုးရရှိရေး တန်ပြန်တိုက်စစ်ဆင်ကစား ခဲ့ရာ မန်ယူဂိုးသမား ကုဇက် ပုတ်ထုတ်ကာကွယ်ပေးလိုက်နိုင်၍ မန်ယူတို့ တစ်ဂိုး သက်သာသွားခြင်းဖြစ်သည်။ ပွဲပြီးခါနီးလေ ပွဲမှာပို၍ကောင်းလာလေဖြစ်သည်။ အက်စ်တွန်ဗီလာ နည်းပြကြီးမာတင်အိုနေးလ် သောကပွေနေချိန် မန်ယူနည်းပြကြီး ဖာဂူဆန် ပီကေဝါးနေဆဲဖြစ်သည်။ ပွဲသိမ်းခရာမှုတ်လိုက်ချိန်တွင် အနိုင်ဂိုးသွင်း ပေးခဲ့သော တိုက်စစ်မှူး ရွန်နေ ပရိသတ်ကို နှုတ်ဆက်လျက်....။ **(အင်တာနက်)**

မန်ယူအတွက် ချေပဂိုးကို တိုက်စစ်မှူး မိုက်ကယ်အိုဝင်က ဤသို့ သွင်းယူခဲ့ သည်။
(အင်တာနက်ဓာတ်ပုံ)

စပါးနှင့် လီဗာပူး အနိုင်ကစား ဆန်းဒါးလန်းနှင့် ဖူလ်ဟမ်သရေကျ

လန်ဒန် ဖေဖော်ဝါရီ ၂၈

ပရီမီယာလိဂ် ပွဲစဉ် (၂၈) လက်ကျန်ပွဲစဉ်များကို ဖေဖော်ဝါရီ ၂၈ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ စပါးက အဲဗာတန်ကို နှစ်ဂိုး-တစ်ဂိုး၊ လီဗာပူးက ဘလက်ဘန်းကို နှစ်ဂိုး-တစ်ဂိုး အသီးသီး အနိုင်ရရှိခဲ့ကြသည်။ ဆန်းဒါးလန်းနှင့် ဖူလ်ဟမ်တို့ ကစားရာတွင် ဂိုးမရှိ သရေပွဲကျခဲ့သည်။

(အင်တာနက်)

ပျော်ဘွယ်မြို့နယ်၌ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဖြည့်ဆည်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဖေဖော်ဝါရီ၂၃ရက် ညနေ ၃နာရီခွဲတွင် ပျော်ဘွယ်မြို့နယ် ကျီကျေးရွာအုပ်စုရှိ မင်းသားကြီးကန် ပြန်လည်ပြုပြင်ပြီးစီးမှု၊ ရေသိုလှောင်ရရှိမှုနှင့် တူးမြောင်းဆိုင်ရာ အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။

မင်းသားကြီးကန်သည် ကန်ပေါင်အလျား ပေ ၁၅၅၀၊ ကန်ပေါင်အမြင့် ၂၅ပေ၊ ရေလှောင်ပမာဏ ဧကပေ ၂၅၀ရှိပြီး အကျိုးပြုဧကမှာ ဧက ၃၅၀ ဖြစ်သည်။

ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီးသည် ကျီကျေးရွာတွင် တောင်သူလယ်သမားများနှင့် တွေ့ဆုံပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များ ဆွေးနွေးမှာကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပျော်ဘွယ်မြို့နယ် ရွာသစ်ကလေးကျေးရွာ၌ ရွာသစ်ကလေး၊ ကံဦးနှင့် သီးပင်ရွာတို့မှ ကျေးရွာပြည်သူများအား တွေ့ဆုံကာ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကိစ္စရပ်များကို မှာကြားပြီး ဆည်မြောင်းဦးစီးဌာနက ပြန်လည်ပြုပြင်ပြီးစီးသည့် လက်ဆည်ကန်ကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြသည်။

ဧက ၄၅၀

ထို့နောက် ဝန်ကြီးသည် ထရံကာကျေးရွာအုပ်စုရှိ ရွာသစ်ကလေးရွာ၊ ကံဦးရွာ၊ ထန်းတပင်ရွာ၊ ကြက်သွန်ခင်းရွာ၊ သာစည်ကလေးရွာနှင့် သီးပင်ရွာတို့မှ တောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ လက်ဆည်ကန်သည် ကန်ပေါင်အလျားပေ ၃၅၀၀၊ ကန်ပေါင်အမြင့် ၁၀ပေရှိပြီး ရေပေးနိုင်သည့် ဧကမှာ ဧက ၄၅၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ပြီးစီးခဲ့သော ကန်ကြီးရပ်ကွက် ကတ္တရာလမ်း ခြောက်လမ်း လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ရက်က အဆိုပါမုခ်ဦး၌ ကျင်းပရာ တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးလှမျိုးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ယခုအပတ် မြန်မာပို့စ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

မြန်မာပို့စ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၉)ကို ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် အနောက် မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group တစ်နိုင်ငံလုံးသို့ ဖြန့်ချိထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် မြန်မာ့ကျောက်စိမ်းသိုက်ကြီးတည်ရှိရာ ဖားကန့်ရတနာမြေသို့ သွားရောက်လေ့လာရေးသားထားသော မြန်မာနိုင်ငံသည် ကျောက်စိမ်းဈေးကွက်တည်ရှိရာ နိုင်ငံဖြစ်၊ ကမ္ဘာ့အံ့ဖွယ် ကျောက်စိမ်းရတနာတုံးကြီးကို ပြတိုက်အဖြစ် ထိန်းသိမ်းထား သတင်းဆောင်းပါး၊ အနာဂတ်အလားအလာကောင်းကိုမျှော်မှန်းပြီး ကြိုတင်ပြင်ဆင်လျက်ရှိသည့် မြန်မာ့ပန်းမန်အလှ စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းအကြောင်း တွေ့ဆုံမေးမြန်းတင်ပြထားသည့် မြန်မာနိုင်ငံသစ်ခွအသင်း သီးခြားထူထောင်ပြီး သစ်ခွပို့ကုန် ဈေးကွက်ထိုးဖောက်မည် သတင်းဆောင်းပါး၊ ပုဂ္ဂလိကလုပ်ငန်းအဖြစ် ပြောင်းလဲတိုးတက်လာမည့် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း အနာဂတ်တွင် ပို၍အရေးပါဦးမည် သတင်းဆောင်းပါး၊ စက်မှုဇုန်ထုတ် မြန်မာ့မော်တော်ယာဉ်များ၏ ရှေ့အလားအလာကို သုံးသပ်တင်ပြထားသော မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်မှု တစ်ခေတ်ပြောင်းရေးကြိုးပမ်း စသည့် သတင်းဆောင်းပါးများနှင့် ဆရာမောင်ဝံသ၊ ဒေါက်တာ နေဇင်လတ်၊ ဦးကိုကိုလှိုင်တို့၏ ဖတ်ရှုလေ့လာသင့်သည့် ဆောင်းပါးများ ဝေဝေဆာဆာ တင်ဆက်ထားသည်။

ထို့ပြင် အိုင်တီရှော့ပင်းမော ဧပြီလတွင်ဖွင့်ရန်ရှိ၊ ယခင်ကမ်းရိုးတန်းသုံး ဖုန်းများကို အရေအတွက်အကန့်အသတ်မရှိ ဆက်သွယ်လုပ်ကိုင်ခွင့်ပြုမည်၊ ပြည်တွင်းသုံးကမ်းလွန် သဘာဝဓာတ်ငွေ့ပိုက်လိုင်း မိုင် ၁၀၀ ကျော် သွယ်တန်းပြီးစီး၊ မြန်မာ့သဘာဝဓာတ်ငွေ့ တူးဖော်မှုစီမံကိန်းတွင် ဟွန်ဒိုင်းရင်းနီးမြှုပ်နှံမည်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်လက်အောက်ရှိ ရန်ကုန်ဆိပ်ကမ်းလုပ်ငန်း ပုဂ္ဂလိကလုပ်ကိုင်ခွင့်ပြုတော့မည်၊ ကြက်ဘဲဈေးအားလုံး ပုံမှန်ဖွင့်လှစ်လျက်ရှိသည့် ပြည်တွင်းသတင်းများနှင့်အတူ နိုင်ငံတကာ နိုင်ငံရေး၊ စီးပွားရေး၊ အားကစား၊ သတင်းများ၊ ပြည်တွင်းပြည်ပအနုပညာသတင်းများ၊ ကမ္ဘာတစ်လွှား ထူးခြားဆန်းကြယ်သတင်းများ၊ တစေ့တစောင်းရုပ်ပုံလွှာ၊ Speakers Corner, Knowledge Box၊ မှုခင်းစုံစသည့် ကဏ္ဍများစုံလင်စွာ ဖော်ပြထားသည်။

United Media Group မှ မြန်မာပို့စ်ဂျာနယ်အပြင် The Star News ဂျာနယ်ကိုလည်း အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ဝေလျက်ရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက် အဆောက်အအုံ ပန္နက်တင်ပွဲ မြောင်မြို့နယ် မရိုးကုန်းကျေးရွာ၌ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

စစ်ကိုင်းတိုင်း မြောင်မြို့နယ် မရိုးကုန်းကျေးရွာအုပ်စု ကျီကုန်းကျေးရွာ၌ ရမောင်အလင်းပြ စာကြည့်တိုက် အဆောက်အအုံ ပန္နက်တင်အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် နံနက်၈နာရီတွင် အဆိုပါ စာကြည့်တိုက် မြေနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသက်နိုင်ဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းနှင့် ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရေးကော်မတီမှ တာဝန်ရှိသူများက သတ်မှတ်နေရာ အသီးသီးတွင် စာကြည့်တိုက်အဆောက်အအုံကို ပန္နက်တင်ပေးကြသည်။

(သတင်းစဉ်)

ပဲခူးမြို့နယ် ကုန်းသာယာသနပ်ဖက်ဈေးနှင့် ဘုရားဈေးသစ်ဈေးတွင် မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်း၊ သရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၁၄ရက်က အမှုဆောင်အရာရှိ၊ ခရိုင်မီးသတ် ဦးစီးအရာရှိ၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ အဖွဲ့ဝန်ထမ်းများ၊ ဈေးအကျိုးဆောင်အဖွဲ့နှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း သဘာဝဘေးဖောင်ပိတ်သတင်း

စပိန်၊ ပေါ်တူဂီနှင့် ပြင်သစ်နိုင်ငံတို့၌ မုန်တိုင်းတိုက်ခတ်၍ ကိုးဦးသေဆုံး

မက်ဒရစ် ဖေဖော်ဝါရီ ၂၈

စပိန်၊ ပေါ်တူဂီနှင့် ပြင်သစ်နိုင်ငံတို့၌ ဖေဖော်ဝါရီ၂၈ရက်က အလွန်အားပြင်းထန်သော မုန်တိုင်းဖြတ်သန်းတိုက်ခတ်ခဲ့ရာ အနည်းဆုံး ကိုးဦးသေဆုံးသွားပြီဖြစ်ကြောင်း အင်တာနက်တွင် သတင်းဖော်ပြသည်။ **(အောက်ပုံ)**

ဆက်လက်ဝင်ရောက်ဖွယ်ရှိ

အဆိုပါ မုန်တိုင်းသည် ပေါ်တူဂီမှ ဘစ်စကေးပင်လယ်အော်ဆီသို့ တစ်နာရီလျှင် ၈၇မိုင်နှုန်းဖြင့် ဖြတ်သန်းတိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ ယင်းမုန်တိုင်းကြောင့် ပြင်သစ်၌ ငါးဦး၊ စပိန်၌ သုံးဦးနှင့် ပေါ်တူဂီ၌ ယောကျ်ားလေးတစ်ဦး သေဆုံးခဲ့ပြီဖြစ်ကြောင်း၊ ၎င်းမုန်တိုင်းသည် အရှေ့မြောက်သို့ ဆက်လက်ရွေ့လျားနေပြီး ဒိန်းမတ်နိုင်ငံသို့ ဆက်လက်ဝင်ရောက်ဖွယ်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

(အင်တာနက်)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

စည်းကမ်းမဲ့အဝေးပြေးကားဂိတ် ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

သဃ်န်းကျွန်းမြို့နယ် (ဆ/ခ)ရပ်ကွက် ရတနာလမ်းရှိ အဝေးပြေးကားဂိတ်မှ နေ့ရောညပါ အသံကျယ်လောင်သည့် မီးစက်ကြီးများကိုဖွင့်ထားခြင်း၊ နေ့စဉ် နံနက် ၂ နာရီမှ ည ၁၁နာရီအထိ အဝေးပြေးကားများမှ ခရီးသည်များ အတင်အချပြုရာတွင် အသံချဲ့စက်ကိုအသုံးပြု၍ ကျယ်လောင်စွာအော်ဟစ်နေခြင်းတို့ကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များမှာနားမခံနိုင်ဖြစ်ရပါသဖြင့် လူနေရပ်ကွက်အတွင်းမှ အဝေးပြေးကားဂိတ်အား သင့်လျော်ရာသို့ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ရတနာလမ်းသား

ငါးခြောက်ပုပ်နံ့ကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် ရွှေပြည်အေးလမ်း အမှတ်-၇(စီ)ရှိ လူနေရပ်ကွက်တွင် ကြက်သားပေါက် ဖောက်ခြင်းနှင့် ကြက်စာထုတ်လုပ်ခြင်းလုပ်ငန်းတို့ လုပ်ကိုင်လျက်ရှိရာ ကြက်ချေးနံ့များနှင့် ကြက်စာအဖြစ်အသုံးပြုသော ငါးခြောက်ပုပ်နံ့များကြောင့် ရပ်ကွက်အတွင်းနေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါ၍ အဆိုပါလုပ်ငန်းကို လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

လက်ဖက်ရည်ဆိုင်မှ သီချင်းသံနားမခံနိုင်

စာတည်းရှင့်-

မကွေးမြို့ အောင်ရတနာရပ်ကွက် (ရန်ဝေး) သုခိတာလမ်းနှင့် လမ်း၂၀ထောင့် ဝန်းကျင်၌ ဖွင့်ထားသော လက်ဖက်ရည်ဆိုင် တစ်ဆိုင်သည် နံနက် ၄နာရီမှ စပြီး မုန့်ရိုက်သံများနှင့် သီချင်းများကျယ်လောင်စွာ ဖွင့်ထားသဖြင့် နေ့ရောညပါ နားမခံသာအောင် ဆူညံနေကာ ပတ်ဝန်းကျင်၌ နေထိုင်သူများ အနှောင့်အယှက်ဖြစ်ရပါသောကြောင့် သက်ဆိုင်ရာမှလိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

မကွေးသူ

အထူးယာဉ်လိုင်း ပြေးဆွဲပေးစေလို

စာတည်းခင်ဗျား-

သန်လျင်(နည်းပညာတက္ကသိုလ်)မှ တာမွေသို့ပြေးဆွဲသော လိုင်းကားကြီးများမှာ ကားစီးရေနှင့် ခရီးသည်အင်အားမမျှဘဲ ကားကြီးကိုအချိန်ကုန်ခံကာ စောင့်စီးနေရပါသဖြင့် သက်ဆိုင်ရာမှ ကားကြီးယာဉ်စီးရေ တိုးချဲ့ပြေးဆွဲပေးပါရန် အကြံပြုတင်ပြအပ်ပါသည်။

ခရီးသည်တစ်ဦး

အသံချဲ့စက်သံ နားမခံနိုင်

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၁၀၇)ရပ်ကွက် ဥက္ကာလမ်းအပိုင်း(၁)ရှိ အိမ်အချို့သည် အသံချဲ့စက်၊ ဆောင်းဘောက်များဖြင့် ကာရာအိုကေ သီချင်းသီဆိုခြင်း၊ သီချင်းများဖွင့်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်နေပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

အနှောင့်အယှက်ဖြစ်ရသူ

ဘော်ဒီလုပ်ငန်း ပြောင်းရွှေ့ပေးစေလို

စာတည်းခင်ဗျား-

မန္တလေးတိုင်း မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဖျာတန်းရပ်ကွက် ၇၇လမ်း၊ ၃၇×၃၈ကြား အမှတ်(၁၃၂)ရှိ ကားဘော်ဒီလုပ်ငန်းမှထွက်ရှိသော တူထုသံ၊ ဂဟေဆော်နံ့စသည့် အသံဆိုး၊ အနံ့ဆိုးများကြောင့် နေ့စဉ်ပတ်ဝန်းကျင်နေပြည်သူများ ကျန်းမာရေးထိခိုက်နေပါ၍ သင့်လျော်ရာသို့ နေရာပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ဖျာတန်းသား

ရပ်ကွက်အတွင်း ဝက်မွေးမြူနေမှု သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါ

စာတည်းခင်ဗျား-

စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရပ်ကွက် နယ်မြေ(၆)မြောက်ပိုင်းရှိ နေအိမ်အချို့တွင် ဝက်များမွေးမြူထားကြသဖြင့် ဝက်စာအနံ့ဆိုးများကို ပတ်ဝန်းကျင်နေထိုင်သူများ နေ့စဉ်ခံစားနေရသဖြင့် ကျန်းမာရေးထိခိုက်ရသည့်အပြင် ဝက်များကိုလွှတ်ထားသောကြောင့် ဝင်းထရံများ၊ သစ်ပင်ပန်းပင်များ၊ လမ်းများပျက်စီးခြင်းကိုပါ ဖြစ်စေပါသဖြင့် ဝက်မွေးမြူခြင်းကို ရပ်ကွက်အတွင်းမှ သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးနိုင်ရေး တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

မုန့်ဖိုလုပ်ငန်းကြောင့် ကျန်းမာရေးထိခိုက်မှုဆောင်ရွက်ပြီးစီး

၁၅-၂-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၀) လမ်းသွယ်(၂)ရှိ မုန့်ဖိုမှ တစ်ညလုံးစက်သံများဆူညံခြင်း၊ အလုပ်သမားများ အော်ဟစ်စကားပြောဆိုခြင်းကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများ ညစဉ် အိပ်ရေးပျက်ပြီး ကျန်းမာရေးထိခိုက်နေရ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးပါကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ဆိုက်ကားဂိတ် စနစ်တကျထားရှိ ဆောင်ရွက်ပြီးစီး

၇-၁၂-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်အတွင်းရှိ အငှားဂိတ်များ စနစ်တကျထားပေးပါ**ပေးစာနှင့် ပတ်သက်၍ စစ်ဆေးဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ဆေးဆိုင်အများအပြားနှင့်သူနာပြုအကူမြောက်မြားစွာကို မွေးထုတ်ပေးခဲ့သည့်

အောင်ချမ်းမြေ့

ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း

သင်တန်းအပ်လက်ခံရာနေရာ။ အမှတ် ၂၄၉၊ ပထမထပ်၊ ဗားကရာလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ (မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်နှင့်ကပ်လျက်) ဖုန်း-၅၀၄၇၅၀၊ ၅၁၆၈၉၆၊ (Open 7:00am to 9:00pm) ပိတ်ရက်မရှိပါ။

- ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ သူနာပြုအုပ်(အငြိမ်းစား)များဦးစီးသည်။
- အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့သရုပ်ပြသင်ကြားသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင်ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သောသူနာပြုအကူဖြစ်စေရန် ပြည့်စုံလုံလောက်သောသင်ရိုးညွှန်းတမ်းစာအုပ်ထုတ်ပေး၍သင်ကြားမည်။ ဆေးဆိုင်များတွင်လက်တွေ့ဆင်းခြင်း၊ ဆေးခန်းများတွင်လက်တွေ့ဆင်းခြင်းများ ပြုလုပ်ပေးမည်။
- ပြည်တွင်းပြည်ပ အလုပ်အကိုင်ရရှိရန်ကူညီမည်။ သင်တန်းဆင်းသက်သေခံအောင်လက်မှတ်ထုတ်ပေးမည်။
- သန့်ရှင်းသောသင်တန်းခန်းများတွင် တစ်ယောက်ထိုင်ခုံဖြင့်သင်ကြားသည်။ သက်သာသောနှုန်းထားသာယူသည်။ ဘော်ဒါဆောင်ရှိသည်။
- တန်းခွဲသစ်တစ်ခုလျှင်(၂၀)သာသတ်မှတ်ထားသည်။ တယ်လီဖုန်းဖြင့် ကြိုတင်စာရင်းသွင်းထားနိုင်ပါသည်။

''သိပ်ကောင်း၊ သိပ်ရှင်း၊ သိပ်ပြီးလျှံနေတယ်ဆိုတာသေချာရဲ့လား?တိုတိုပဲပြောမယ်''
''အောင်'' ပြီး ''ချမ်းမြေ့''မှုတွေရရှိရန် ''အောင်ချမ်းမြေ့''ကိုလာခဲ့ပါ။

တစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်ငါးရက်သင်)

အပတ်စဉ်(၁၁၁၀) ၈-၃-၂၀၁၀ရက် စမည်။ (စနေနှင့်တနင်္ဂနွေ နားရက်)
အပတ်စဉ်(၁၁၁၁) ၁၀-၃-၂၀၁၀ရက် စမည်။ (တနင်္လာနှင့်အင်္ဂါ နားရက်)
အပတ်စဉ်(၁၁၁၂) ၁၂-၃-၂၀၁၀ရက် စမည်။ (ဗုဒ္ဓဟူးနှင့်ကြာသပတေး နားရက်)

နှစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်နှစ်ရက်သင်)

အပတ်စဉ်(၁၁၁၃) ၉-၃-၂၀၁၀ရက် စမည်။ (အင်္ဂါနှင့်ဗုဒ္ဓဟူး သင်)
အပတ်စဉ်(၁၁၁၄) ၁၁-၃-၂၀၁၀ရက် စမည်။ (ကြာသပတေးနှင့်သောကြာ သင်)
အပတ်စဉ်(၁၁၁၅) ၁၃-၃-၂၀၁၀ရက် စမည်။ (စနေနှင့်တနင်္ဂနွေ သင်)

သုံးလပြတ်အထူးသင်တန်းများ (တစ်ပတ်တစ်ရက်သင်)

အပတ်စဉ်(၁၁၁၆) ၁၃-၃-၂၀၁၀ရက် စမည်။ (စနေ တစ်ရက်တည်းသာ)
အပတ်စဉ်(၁၁၁၇) ၁၄-၃-၂၀၁၀ရက် စမည်။ (တနင်္ဂနွေ တစ်ရက်တည်းသာ)

အထက်ဖော်ပြပါ လပြတ်သင်တန်းများအတွက် အချိန်ဇယား (နှစ်သက်သည့် အချိန်သာသင်ရန်)

နံနက်ပိုင်း	(I)	9:00am to 12:00pm
မွန်းလွဲပိုင်း	(II)	1:30pm to 4:30pm
ညပိုင်း	(III)	6:00pm to 8:00pm

လေးလအထူးသင်တန်း(ပိုမိုပြည့်စုံကျယ်ပြန့်သော Diploma သင်တန်း)

အပတ်စဉ်(၁၁၁၈) ၁၆-၃-၂၀၁၀ရက် စမည်။ (တစ်ပတ်လေးရက်သင်)
9:00am to 4:30pm (အင်္ဂါမှသောကြာ နေ့စဉ်)

မှတ်ချက်။ ။အထက်ပါလိပ်စာမှလွဲ၍ မည်သည့်နေရာတွင်မှ သင်တန်းခွဲမရှိပါ။

အများသိစေရန်နှင့် သတိပေးတားမြစ် ကြေညာချက်

အမှတ် ၅၂/၅၄၊ ပါရမီလမ်း(ဗဟိုလမ်းနှင့် အင်းစိန်လမ်းကြား)၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးခန်းဖွင့်လှစ်ထားသော(Myanma Solar Rays Co.,Ltd.)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

အထက်ပါ(Myanma Solar Rays Co.,Ltd.)ကို ကုမ္ပဏီ မှတ်ပုံတင်အမှတ်(၃၀၁/၂၀၀၅-၂၀၀၆)ဖြင့်လည်းကောင်း၊ ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၆၉၈၈/၂၀၀၆)ဖြင့် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်သွင်း၍ လည်းကောင်း၊ Solar Rays Electrical Trading အမည်ဖြင့်

(၁) အမှတ် (၅၂/၅၄)၊ ပါရမီလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
(၂) အမှတ်(၄၉၆/၄၉၇)၊ ဘုရင့်နောင်လမ်း၊ (၂၆)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
(၃) ပ/၆၃၊ ပွဲရုံတန်း၊ ဘောဂသီရိကားကြီးဝင်း၊နေပြည်တော်နှင့်

A-5 Electrical Engineering အမည်ဖြင့် ထ-၂၃၀/၂၃၁၊ ရာဇဓိရာဇ်လမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့မှ လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကို တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ချိခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ တပ်ဆင်ခြင်းများကို တရားဝင် လုပ်ကိုင် လျက်ရှိရာ ကောင်းသောအမည်သတင်း (Good Will) ရလျက်ရှိပါသည်။

ထိုသို့လုပ်ကိုင်ရာတွင် ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံး အနယ်နယ်၊ အရပ်ရပ်၊ ဒေသအသီးသီးတို့တွင် အရောင်းကိုယ်စားလှယ်၊ အဝယ်ကိုယ်စားလှယ်များ ထားရှိလုပ်ကိုင်ခြင်း မရှိပါကြောင်း အများသိစေအပ်ပါသည်။

ယခုအခါ ကုမ္ပဏီအမည်ကိုသော်လည်းကောင်း၊လူပုဂ္ဂိုလ်အမည်ကိုသော်လည်းကောင်း၊ အလွဲသုံးစားပြု၍ လျှပ်စစ်နှင့် ဆိုင်သောပစ္စည်းများ **ရောင်းချခြင်း၊ ဝယ်ယူခြင်း**များရှိကြောင်း ကြားသိရပါသည်။ ယင်းသို့ အလွဲသုံးစားပြုခြင်းကို ယခုကြေညာသည့်ရက်မှစ၍ ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခြင်းများ မပြုလုပ်တော့ပါရန် အသိပေးတားမြစ်အပ်ပါသည်။

အကယ်၍ အသိပေးတားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်မေကျော်စိုး(LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၁၈၂၉)
အမှတ် ၂၂၇၊ ၅-လွှာ၊ ၃၉လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

၁။ **ကမ္ဘာတစ်ဝန်းကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု**

(က) **တိရစ္ဆာန်တွင် ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှု**

၂၀၀၃ခုနှစ်မှ ၂၀၁၀ခုနှစ် ဇန်နဝါရီအထိ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသော နိုင်ငံပေါင်း ၆၁နိုင်ငံရှိပြီး ၂၀၁၀ခုနှစ် ဇန်နဝါရီအတွင်း မြန်မာနိုင်ငံ၏ အိမ်နီးချင်း နိုင်ငံ အချို့အပါအဝင် နိုင်ငံခုနစ်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုရှိကြောင်း သိရှိရသည်။

(ခ) **လူသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု**

၂၀၀၃ခုနှစ်မှ ၂၀၁၀ခုနှစ် ဇန်နဝါရီလအထိ နိုင်ငံ ၁၅နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ (H5N1) လူသို့ကူးစက်မှု ၄၇၁ဦးရှိပြီး ၂၈၂ဦး သေဆုံးကြောင်း သိရှိရသည်။

၂။ **မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု**

မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ်မှ ၂၀၀၈ခုနှစ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ သုံးကြိမ်ဖြစ်ပွားခဲ့ပါသည်။ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလဆန်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဥစားကြက် မွေးမြူရေးခြံတစ်ခြံ၌ ဖြစ်ပွားသဖြင့် ရောဂါထိန်းချုပ်ရေး နည်းလမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

၃။ **ရောဂါကာကွယ်ထိန်းချုပ်ရေး**

အောက်ပါအချက်များကို လိုက်နာ၊ ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အလေးထားဆောင်ရွက်ရန်၊
(ခ) မွေးမြူရေးခြံလုပ်သားများ လက်အိတ်၊နှာခေါင်းစည်း ဝတ်ဆင်ရန်နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊
(ဂ) ကြက်ငှက်အသေများကို စားသုံးခြင်း၊ ရောင်းချခြင်း၊ စည်းကမ်းမဲ့ လွှင့်ပစ်ခြင်းမပြုဘဲ စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်၊
(ဃ) ကြက်ငှက်များ သံသယဖြစ်ဖွယ်သေဆုံးကြောင်း သိရှိပါက နီးစပ်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်းသတင်းပို့ရန်၊
(င) ကြက်ငှက် အသား၊ ဥတို့ကို ကျက်အောင် ချက်ပြုတ်စားသုံးရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

မိုး အစဉ်သတိပြု

မတ်လထုတ် တေဇရုပ်စုံ စာစောင်ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

အထက (၂)ဗဟန်း ပညာရေးစုံညီပွဲတော် ဘင်ခရာတီးဝိုင်း မျက်နှာဖုံးဓာတ်ပုံနှင့်အတူ မောင်သဲခေါင်၊ မောင်ငြိမ်းရည်(မင်းကင်း)တို့၏ တပ်မတော်နေ့ဂုဏ်ပြုကဗျာများ၊ တင်အောင်နီ၊ အကိန်း၊သိက္ခာ၊ ရွှေကိုဦး၊ ဆွေချစ်၊အောင်လင်းထွန်းတို့၏ တေဇအရွယ်ကလေးငယ်တို့အတွက် ပညာပေးလက်ရာမြောက် ကာတွန်းများ၊ မင်းထွန်းဦးနှင့် မောင်မိုးတို့၏ ဆောင်းပါးများ၊ ကိုခန့်ချော (ကသာမြေ)၏ ပုံပြင်ရှည်၊ Waddi Oo ၏ ''English for Tayza'' ကဏ္ဍ၊ စိုးဆက်၏ ''အဖြေညှိစရာ ပဟေဠိပါ'' ကလေးတို့၏ အတွေး၊ ကလေးတို့၏အရေး ကဗျာတိုလေးများကို အားပါးတရ ဖတ်ရှုကြရမည်ဖြစ်ပြီး တေဇရုပ်စုံ စာစီစာကုံးပြိုင်ပွဲ ဆုရစာရင်းများနှင့် ပထမဆုရ ကျောင်းသူလေး မကြည်ရတနာထွန်း၏ ဆုရ စာစီစာကုံးပါရှိသည်။

တေဇရုပ်စုံစာစောင်ကို အမှတ် ၁၈၁၊ ၃၂လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄ နှင့် အမှတ် (၁၅) တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃ တို့သို့ မှာကြားဝယ်ယူ ဖတ်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ကျိုင်းတုံမြို့နယ်အတွင်း ပေးအပ်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ယန်းကျိန် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း ၁၅ရွာမှ ဒေသခံတိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ရက်က ယန်းကျိန်ကျေးရွာ မူလတန်းကျောင်း၌ ကျင်းပရာ ပြည်နယ်ဦးစီးဌာနမှူး ဦးစိုးပိုင်မြင့်၊ ကျိုင်းတုံခရိုင်ဦးစီးဌာနမှူး ဦးအောင်မျိုး၊ ကျိုင်းတုံမြို့နယ် ဥက္ကဋ္ဌ ဦးရွှေမောင်နှင့် အဖွဲ့ဝင်များ၊ ကျိုင်းတုံမြို့နယ် ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ပြည်နယ်ဦးစီးဌာနမှူးက မြန်မာနိုင်ငံသားဥပဒေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ခရိုင်ဦးစီးဌာနမှူးက နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ပေးအပ်

ထို့နောက် ပြည်နယ်ဦးစီးဌာနမှူး ဦးစိုးပိုင်မြင့်၊ ခရိုင်ဦးစီးဌာနမှူး ဦးအောင်မျိုး၊ မြို့နယ် ဥက္ကဋ္ဌ ဦးရွှေမောင်နှင့် ကျိုင်းတုံမြို့နယ်ဦးစီးဌာနမှူး ဦးစိုင်းရဲန်တွီတို့က နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ကျေးရွာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားများထံ ပေးအပ်ကြသည်။

ကွင်းဆင်းဆောင်ရွက်

အခမ်းအနားတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၅၉ခုကို ထုတ်ပေးခဲ့ကြောင်းနှင့် အခြား ကျေးရွာအုပ်စုများတွင်လည်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ် ယန်းကျိန်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း ၁၅ရွာမှ ဒေသခံတိုင်းရင်းသားများအား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်ကြစဉ်။
(သတင်းစဉ်)

ရေစကြိုမြို့နယ်စည်ပင်သာယာရေး အဖွဲ့ပိုင် မြို့မဈေးမီးဘေးလုံခြုံရေးအတွက် သရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့်မြို့မဈေး အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အမှတ်(၃) ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ မြို့မဈေးကြီးရှေ့တွင် ဇန်နဝါရီ ၂၄ရက်က ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင့်ဆွေ၊ အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်းနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူးဦးကျော်နိုင်လင်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

သွေးလှူရှင်များ ဂုဏ်ပြုပွဲ ဆီဆိုင်၌ကျင်းပ

ဆီဆိုင် ဖေဖော်ဝါရီ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ ပူးပေါင်းကျင်းပသည့် ဒုတိယအကြိမ် သွေးလှူရှင်များနေ့ ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီက ဆီဆိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သွေးလှူရှင်များအားဂုဏ်ပြု

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ် ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးလွင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

မြို့နယ်ကြက်ခြေနီ အသင်းဥက္ကဋ္ဌ ဒေါက်တာမိုးထွန်းက သွေးလှူရှင်များနေ့ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို လည်းကောင်း၊ အသင်းဒုတိယ ဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူး ဦးတိုးအောင်က ဇီဝိတဒါနသွေးတစ်စက်လှူရခြင်း၏ အကျိုးကျေးဇူးနှင့် ကုသိုလ်ထူးအကြောင်းများကို လည်းကောင်း ရှင်းလင်းပြောကြားပြီး သွေးလှူခဲ့ခြင်းတစ်ကြိမ်မှ (၆၅)ကြိမ်အထိ သွေးလှူရှင် ၉၈ဦးတို့အား ဂုဏ်ပြုလွှာ၊ ဂုဏ်ပြုတံဆိပ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ပြီး မြို့နယ်ကြက်ခြေနီအသင်း တွဲဖက်အတွင်းရေးမှူး ဦးမျိုးမင်းဆွေက အသင်း၏ကိုယ်စား ကျေးဇူးတင်ဂုဏ်ပြုစကားပြန်လည်ပြောကြားသည်။ **(၀၁၅)**

လွိုင်လင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး ပြည်ထောင်စုနေ့ ပြခန်းများဖွင့်လှစ်

လွိုင်လင် ဖေဖော်ဝါရီ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်ရုံး၌ ဖေဖော်ဝါရီ ၁၁ရက် နံနက် ၁၀နာရီက (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ပြခန်းများ ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားကို လွိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတင်စိန်နှင့်အဖွဲ့ဝင်များ၊ လွိုင်လင်ခရိုင်မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာမကြီးများ၊ ခရိုင်ပညာရေးမှူးနှင့် ဆရာဆရာမများ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် ခရိုင်အတွင်းရေးမှူး ဦးတင်စိန်၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဝန်ထမ်းများက ပြခန်း၌ ပြသထားသော နိုင်ငံတော်နှင့် ဒေသတစ်ဝန်း တိုးတက်မှု မှတ်တမ်းပြကွက်များကို ရှင်းလင်းပြသခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများဆောင်ရွက်ခဲ့ပြီး ပြခန်းကိုလှည့်လည်ကြည့်ရှု အားပေးကြသည်။

(ခရိုင် ပြန်/ဆက်)

မီးဘေးလုံခြုံရေးစစ်ဆေး

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည်ကျော်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မီးဘေးလုံခြုံရေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုကို စစ်ဆေးရာ ခေတ္တအမှုဆောင်အရာရှိ ဦးလှသိန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးထွန်းလင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တက္ကသိုလ်ဝင်တန်း စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များ နောင်မွန်၌ ရှင်းလင်းပွဲကျင်းပ

နောင်မွန် ဖေဖော်ဝါရီ ၂၄

ပူတာအိုခရိုင် နောင်မွန်မြို့နယ် အစိုးရ အထက်တန်းကျောင်း ထလမ်ရာဇီခန်းမ၌ ဖေဖော်ဝါရီ ၁၀ရက် မွန်းလွဲ ၁နာရီက တက္ကသိုလ်ဝင်တန်း စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များရှင်းလင်းပွဲကို ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မိုးမြင့်က အမှာစကား ပြောကြားသည်။

အသေးစိတ်ရှင်းလင်း

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးသိန်းမြင့်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။ ဆက်လက်၍ ကျောင်းအုပ်ကြီး ဦးစိန်လှိုင်က ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်တန်းစာဖြေသူများလိုက်နာရန် စည်းကမ်းချက်များကို အသေးစိတ်ရှင်းလင်းသည်။

အခမ်းအနားသို့ ဒေသဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ မိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

စက်ရေတွင်းတူးဖော်

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဝက်တိုးအုပ်စု ငသက်ကျေးရွာတွင် နှစ်လက်မ စက်ရေတွင်းတူးဖော်ပေးခဲ့ရာ အနက်ပေ ၃၄၀တွင် ရေချို တစ်နာရီ ဂါလန် ၁၂၀၀ထွက်ရှိသဖြင့် ရေထွက်အား ကောင်းမွန်မှု အခြေအနေကို ဖေဖော်ဝါရီ ၃ရက်က အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးမောင်တိုး ကွင်းဆင်းကြည့်ရှုရာ တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်ဦးက စက်ရေတွင်း တူးဖော်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (၀၉၄)

မြို့နယ်သတင်း ထွေတလာ

နည်းပညာတိုးတက်ပြောင်းလဲလာသော ဘက်ထရီအိုးများ ပြည်တွင်းဈေးကွက် လိုအပ်ချက်နှင့်အညီ တင်သွင်းရောင်းချ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ကိုရီးယားသမ္မတနိုင်ငံ၌ ၁၉၄၄ခုနှစ်မှစတင်၍ ဘက်ထရီအိုးများ ထုတ်လုပ်ခဲ့သည့် ATLAS BX ကုမ္ပဏီသည် ယခုအခါ ဒေဂျွန်းမြို့နှင့် ဂွန်ကျူးမြို့တို့၌ စက်ရုံနှစ်ရုံခွဲပြီး အရည်အသွေးမြင့် ဘက်ထရီများကို ကမ္ဘာတစ်ဝန်းသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

အဆိုပါ စက်ရုံများမှထုတ်လုပ်သော ATLAS, DUPEX, E-NEX နှင့် ABX-AGM ဘက်ထရီလေးမျိုးကို မြန်မာနိုင်ငံတစ်ဦးတည်းကိုယ်စားလှယ်အဖြစ် Best Battery Trading Co.,Ltd. က စာချုပ်၍ မော်တော်ကားများ၊ အင်ဗာတာများ၊ ဆိုလာစတေရှင်များစသည်ဖြင့် ဘက်ထရီအသုံးပြုရန် လိုအပ်ချက်များအလိုက် အမျိုးအစားခွဲ၍ တင်သွင်းဖြန့်ချိရောင်းချလျက်ရှိကြောင်း သိရသည်။

ခြောက်လခန့်ထားနိုင်

ဘက်ထရီလေးမျိုးစလုံးမှာ Maintenance Free ဟုဆိုသည့် အလုံပိတ်ဘက်ထရီများဖြစ်ကြပြီး မိုးရေ သို့မဟုတ် မိုးရေနှင့် အက်စစ်ရောစပ်ကွန်ပေါင်းရည်များ ဖြည့်ရန်မလိုအပ်သော အမျိုးအစားများဖြစ်သည်။ သာမန်ရိုးရိုး ဘက်ထရီများကို အသုံးမပြုဘဲထားလျှင် အားမကြာခဏ သွင်းပေးရသော်လည်း Maintenance Free ဘက်ထရီများမှာ အားဖြည့်သွင်းပြီး ခြောက်လခန့်တိုင်အောင် ထားနိုင်ကြောင်း သိရသည်။

ATLAS အမျိုးအစားမှာ ၂၀၀၁ခုနှစ်ကတည်းက မြန်မာပြည်ဈေးကွက်သို့ တင်သွင်းဖြန့်ချိ မိတ်ဆက်ခဲ့ပြီး ကျန်သုံးမျိုးမှာ နည်းပညာသစ်များဖြင့် ၂၀၀၉ခုနှစ်အတွင်း စတင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

ATLAS, DUPEX,ABX-AGM ဘက်ထရီများကို မော်တော်ကားများတွင် လည်းကောင်း၊ E-NEX ဘက်ထရီများကို အင်ဗာတာများနှင့် တွဲဖက်၍လည်းကောင်း အသုံးပြုကြရာတွင် အားအသွင်း/အထုတ်စနစ်မှန်ကန်မှု၊ သုံးစွဲသည့်ဝန်အား မှန်ကန်မှုများအပေါ်မူတည်၍ ပျမ်းမျှသက်တမ်း နှစ်နှစ်မှ သုံးနှစ်ဝန်းကျင်ခန့် ကြာရှည်ခံနိုင်ပြီး သာမန်ရိုးရိုးဘက်ထရီများ၏ ဈေးနှုန်းထက် ၂၀မှ ၅၀ရာခိုင်နှုန်းခန့် ပိုမိုကျသင့်မည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

အရောင်းပြခန်းမှာ ရန်ကုန်မြို့ အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် မဟာသုခိတာလမ်းမ အမှတ်(၃၁၆)တွင် တည်ရှိပြီး ရန်ကုန်တစ်မြို့လုံးရှိ ဘက်ထရီဆိုင်များ၌လည်း ဝယ်ယူနိုင်ကြောင်းနှင့် ဖုန်း-၀၉-၈၀၃၀၅၆၅၊ ၆၄၆၃၆၃၊ ၆၄၂၇၂၁နှင့် e-mail: tosmo@ mptmail.net.mm တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်သည်။ **(သတင်းစဉ်)**

နွားထိုးကြီးမြို့ ဖက်တောကန် ပြုပြင်သွားမည်

နွားထိုးကြီး ဖေဖော်ဝါရီ ၁၅

နွားထိုးကြီးမြို့နယ်ဥက္ကဋ္ဌ ဦးဘဏ်မျိုးသည် မြို့နယ် ဆည်မြောင်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၆ရက်က နွားထိုးကြီးမြို့နယ်ဘုရားကြီးအုပ်စုရှိ ဖက်တောကန်ကို ပြုပြင်ရန် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

မြို့နယ်ဥက္ကဋ္ဌသည် ဘုရားကြီးရွာရှိ ဝတီးပျူမြို့ဟောင်းတူးဖော်မှု၊ အင်ကြင်းကျောက်လုပ်ငန်းနှင့် ပျူပုတီးလုပ်ငန်း အခြေအနေများကို ဆက်လက်ကြည့်ရှုသည်။

မြို့နယ်ဥက္ကဋ္ဌသည် အုတ်တွင်းမှက္ကရာကျေးရွာများ၏ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း ဝင်ရောက်ကြည့်ရှု၍ ကျေးရွာအဖွဲ့အစည်းများနှင့် တွေ့ဆုံသည်။ (၀၉၂)

ချိန်ခါမရွေး သတိပေး မီးဘေး ကင်းဝေးမှာ

ဖေဖော်ဝါရီ ၁၂ရက်က ဝေါမြို့မ ဈေးအတွင်း မြို့နယ်မီးသတ်တပ်ဖွဲ့၊ ဈေးမီးသတ်တပ်ဖွဲ့နှင့် ဈေးသူ ဈေးသားများ ပူးပေါင်း၍ မီးဘေးကာကွယ်တားဆီးရေးနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်း ဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌဦးခင်မောင်ထွေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောရွှေနှင့် မီးသတ်စခန်းတာဝန်ခံ ဦးလှမြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် ကျိုင်းတောင်းမြို့အတွင်း ဇန်နဝါရီ ၁၆ရက် နံနက်က ရပ်ကွက်(၇) ဝိန်းကောင်ကျောင်းတွင် ကျန်းမာရေးဌာန၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် အသက်ငါးနှစ်မှ ကိုးနှစ်အောက် ကလေးငယ်များအား သန်ချဆေးတိုက်ကျွေးခြင်း ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

သံတွဲခရိုင် အလှမယ်ပြိုင်ပွဲဆုချီးမြှင့်

သံတွဲ ဖေဖော်ဝါရီ ၂၅

သံတွဲခရိုင် အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူးကျင်းပသည့် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သံတွဲခရိုင် ကာယအလှမယ် ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၅ရက်နှင့် ၁၆ရက်က သံတွဲမြို့ အားကစားပြိုင်ကွင်းဟောင်း၌ ကျင်းပသည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲသို့ သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်-ဒေါ်ဉမ္မာအောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြတ်ကျော်၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ ပြိုင်ပွဲသို့ သံတွဲ၊ တောင်ကုတ်၊ ဂွ၊ ကျိန္တလီမြို့နယ်နှင့် ဝန်ကြီးဌာနကိုယ်စားပြု ကာယအလှမယ် ၂၃ဦးတို့ ပါဝင် ယှဉ်ပြိုင်ကြသည်။

ဆုချီးမြှင့်

ဆက်လက်၍ ဆုပေးပွဲ ကျင်းပရာ တတိယဆုရရှိသည့် တောင်ကုတ်မြို့နယ်မှ ခါးနံပါတ်(၂၁) မနှင်းချိုဇင်လတ်နှင့် ဒုတိယဆုရရှိသည့် သံတွဲမြို့နယ်မှ ခါးနံပါတ်(၃) မစမ်းသီတာသိမ့်တို့အား ခရိုင်တရားသူကြီး ဒေါ်ဝင်းဝင်းလှိုင်ကလည်းကောင်း၊ ပထမဆုရရှိသည့် တောင်ကုတ်မြို့နယ်မှ ခါးနံပါတ်(၁) မမေစန္ဒာအား ခရိုင်ဥက္ကဋ္ဌ၏ ဇနီးကလည်းကောင်း ဆုများချီးမြှင့်ပေးအပ်ကြသည်။ **(ယာပုံ)**

(ခရိုင် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

ဂမုန်းတောင်မှ မဆုံးအောင် ဖွံ့ဖြိုးတိုးတက်မှုများ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ဟဲလို····၊ မဲပေါက်ကလား····၊ ဂမုန်းတောင်ကလား····၊ ဝေသာလီကလား····၊ အောင်ဘိသိက်ကလား····။

နေပြည်တော်ပျဉ်းမနား အရှေ့ခြမ်းတောင်ပေါ်ဒေသရှိ ကျေးရွာများအချင်းချင်း အပြန်အလှန် တယ်လီဖုန်း ဆက်သွယ်ပြောဆိုနေကြခြင်းဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ■

သတင်းခရီးသည်
မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း - အာကာကျော်

စာမျက်နှာဖွဲ့စည်းမှု
ဝင့်မာသွင် (မြန်မာ့အလင်း)

နေပြည်တော်ပျဉ်းမနား အရှေ့ခြမ်း တောင်ပေါ်ဒေသဖြစ်သည့် မဲပေါက်ကျေးရွာ၌ ကျေးရွာနေ တိုင်းရင်းသားများ CDMA ဖုန်းဖြင့် ဤသို့ ဒေသအနှံ့ ဆက်သွယ် ပြောဆိုနိုင်ကြပြီ။

ဓာတ်ပုံမှတ်တမ်း - အာကာကျော်

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ကောင်းမြတ် - ရှာဖွေတင်ပြသည်

ဆစ်ဒနီ ဖေဖော်ဝါရီ ၂၈

ယခုလ ဖေဖော်ဝါရီလဆန်းပိုင်းက အန္တာတိကတိုက် ဝင်ရိုးစွန်းဒေသမှ ပွဲထွက်သွားသော အလွန်တရာကြီးမားလှသော ရေခဲတုံးကြီးသည် သမုဒ္ဒရာစီးကြောင်းများနှင့် ရာသီဥတုကို ထိခိုက်လာနိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက သတိပေးပြောကြားသည်။

ပင်လယ်ရေများ



ထိုရေခဲတုံးကြီး၏ ပမာဏသည် လူဇင်ဘတ်နိုင်ငံ၏ အရွယ်အစားမျှရှိကြောင်း၊ ထိုရေခဲတုံးကြီးကို အရည်ဖျော်လိုက်ပါက လက်ရှိ ပင်လယ်သမုဒ္ဒရာများအတွင်းရှိ ပင်လယ်ရေများ၏ လေးပုံတစ်ပုံ ရှိလိမ့်မည်ဖြစ်ကြောင်း၊ ထိုရေများသည် အလွန့်အလွန်အေးသော ပင်လယ်ရေများ ဖြစ်လာမည်ဖြစ်ကြောင်း သြစတြေးလျသုတေသန သိပ္ပံပညာရှင်များက ပြောကြားသည်။

ပြောကြား

ထိုရေခဲတုံးကြီး အရည်ပျော်သွားခဲ့လျှင် မြောက်အတ္တလန္တိတ်သမုဒ္ဒရာတွင် အေးမြသော ဆောင်းရာသီ ဖြစ်ပေါ်လာလိမ့်မည်ဖြစ်ကြောင်း၊ ဤရေခဲတုံးကြီးသည် လောလောဆယ် သြစတြေးလျနိုင်ငံတောင်ဘက်၌ မျောပါလျက်ရှိကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာနီရယ်ယွန်းက ပြောကြားသည်။ *(အင်တာနက်)*

မီးကိုသတိ မြဲထားရှိ
စောင့်ကြည့်နေပါ သင့်ဝန်တာ

သာယာမည်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သတင်းစာသုံးမျိုးကို ဒေသအသီးသီးရှိ သတင်းစာကိုယ်စားလှယ်များထံသို့ တစ်စောင်လျှင် ကျပ် ၅၀ နှုန်းဖြင့် အရောက်ပို့ဆောင်ပေးလျက်ရှိပါသည်။